
mgyoe.com

SAMPLE BOOK

ကျန်ရစ် ... မြစ်



mgyoe.com

mgyoe.com SAMPLE BOOK



တစ်ခါတစ်ရံ ဝေဒနာသက်သာစေရန်အတွက် ခံစားချက်ကို
ဖောက်ထုတ်သည့် နည်းဖြင့် ကုစားတတ်ကြသော်လည်း
ခံစားချက်တိုင်း ဖြေချထိုက်နေသည်တော့ မဟုတ်ပါ။
ဆေးဝါးများလို တစ်နေ့နည်းနည်းချင်းစီ မှီဝဲထိုက်သော
ဝေဒနာမျိုးလည်း ရှိပါသေးသည်။ ဝေဒနာနှင့် အသက်ဆက်ရသည်။
ဒါဟာ အလွမ်းပေါ့။

K0366

mgyoe.com

COVERDESIGN:NAYMYOSAY

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - မေလ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - နေမျိုးဆေး


တန်ဖိုး - ၇၈၀၀ ကျပ်


mgyoe.com

mgyoe.com
SAMPLE BOOK

# ဆက်ကာဝေးငဲ့

ကျန်ရစ်...မြစ်



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

# ပုံရိပ်ဟောင်းနှစ်ခု

"ဒီနေ့ ရန်ကုန်မှာ မိုးရွာတယ်၊ ရွာလိုက်တာ ဆိုတာများ တစ်သက်လုံး မရွာဖူး ခဲ့တဲ့အတိုင်းပဲ၊ နေ့ဖို့ညစာ မချန်ဘဲ အကုန်အစင် ရွာတော့မယ့်အတိုင်းပဲ"

နှစ်တစ်စဝက်ပင် ကျိုးလာလင့်ကစား သည်နှစ်အဖို့ သည်စာကြောင်း သည် အသစ်စက်စက် ဒိုင်ယာရီစာမျက်နှာတွင် ဦးဆုံးမင်ထင်ခွင့်ရသည့် အကြောင်းအရာ ဖြစ်သည်။ ဆယ်ကျော်သက်ဘဝတုန်းကမူ နေ့စဉ် အဖြစ် အပျက်များကို မှတ်တမ်းတင်တတ်သည့် အကျင့် ကျွန်မမှာ ရှိခဲ့သည်။ သည်အကျင့်ကလေး ပျောက်နေခဲ့သည်မှာ ကြာပါပကော။ သို့ပေမဲ့ နှစ် တစ်နှစ် ကုန်ဆုံးချိန်ရောက်လျှင် သက္ကရာဇ်အသစ်နှင့် နေ့စဉ်မှတ်တမ်း စာအုပ် လှလှလေးများကို ကျွန်မ ဝယ်တတ်ပါသည်။ ရေးကား မရေးဖြစ်။

မအားလို့လား။ ဒါလည်း မဟုတ်။

မရေးချင်တာလား။ ဒါလည်း မဟုတ်ပြန်။

ရေးစရာ မရှိတာလား။ ဒါကတော့ လုံးလုံးကြီး လွဲပါသည်။

တကယ်တော့ အတွေးနှင့် ခံစားချက် သွားသလောက် အရေးက မလိုက်နိုင်ခြင်းကြောင့်သာ ဖြစ်လိမ့်မည်။ စိတ်လိုလက်ရရှိချိန်မို့ ရေးပြန်

mgyoe.com

mgyoe.com


တော့လည်း အတွေးတွေက ဟိုရောက်သည်ရောက် ခုန်ပျံကျော်လွှားနှင့်။ အခုလည်း ရာသီဥတုအကြောင်း ရေးမိပြန်ပြီ။

ဘာတွေ ရေးနေမိပါလိမ့်နော်။ ရန်ကုန်မှာ မိုးရွာတာ အဆန်းမှ မဟုတ်တာပဲ။ တစ်ခါတလေများဆိုလျှင် လချီပြီးတောင် မိုးက ဈွေချင် ဈွေနေသေးတာ။ သည်စာမျက်နှာကို တစ်နေ့နေ့မှာ ပြန်ဖတ်မိလျှင်… အဲဒီနေ့ မိုးရွာတော့ ဘာဖြစ်လဲ… ဟူ၍ အဓိပ္ပာယ်မဲ့ မေးခွန်းအတွက် အဖြေရှာချင် ရှာနေမိနိုင်သည်။ သည်လိုနောက်ဆက်တွဲ အတွေးကြောင့် ရာသီဥတု အကြောင်း ဆက်မရေးဖြစ်တော့ပြန်။

"ဒေါ်လာဈေးက တက်လိုက်တာ၊ ထောင့်ငါးရာတောင် ကျော်နေပြီ"

စာကြောင်း အဆုံးမှာ အစောကလို မေးခွန်းက ထပ်ဆင့် လိုက်လာ ပြန်သည်။ ဒေါ်လာဈေးတက်တော့ ဘာဖြစ်မှာတဲ့လဲ။ သို့နှင့် ဒေါ်လာဈေး တက်သည့် အကြောင်းမှသည် အလုပ်အကြောင်းနှင့် နေ့စဉ် ကုန်ကျစရိတ် အကြောင်းဆီသို့ အတွေးမျှင်သည် တစ်နွယ်ငင် တစ်စင်ပါ ရောက်သွားပြန်၏။ သည့်နောက် ချက်ချင်းဆိုသလို အဘွားအိုတစ်ဦးနှင့် လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်၏ ပုံရိပ်သည် ကျွန်မအတွေးကို စိုးမိုးသွားသည်။ သူတို့နှစ်ယောက်သည် ကျွန်မကို ပြုံး၍ ကြည့်နေကြသည်။

"ဒီတစ်ပတ် ဈေးဖိုး… ၆၀၀"

ပုံရိပ်ဟောင်းများနှင့်အတူ နားစည်မွေးသို့ ပဲ့တင်လှိုင်းခတ်လာသော အသံကို ပြန်ကြားယောင်မိသည်။ သည်ပုံရိပ်တို့ကို မြင်တိုင်း ကျွန်မမှာ သက်ပြင်းချ၍ မျက်လွှာကို စေ့ပိတ်ရစမြဲ။

"ဈေးဖိုး ၆၀၀"၊ "ဈေးဖိုး ၆၀၀" တဲ့လား။

"တယ်လီဖုန်း ပြောနိုင်သည်၊ တစ်ခါပြော ဒိ/ ကျပ်"။

ဈေးဖိုး ၆၀၀ ကျပ်နှင့်အတူ တွဲစပ်လျက် သတိရမိသည်မှာ တယ်လီဖုန်း တစ်ခါပြောလျှင် တစ်ကျပ် ပေးရခြင်း ဖြစ်သည်။ ဈေးဖိုး ၁၀၀၀ ကျပ် ဆိုသည့်အရာနှင့် ပူးတွဲ၍ မှတ်ဉာဏ် စွဲထင်သည်ကတော့ တယ်လီဖုန်း တစ်ခါ ပြောလျှင် သုံးကျပ်ဟူ၍ ဖြစ်သည်။ အခုတော့ ကျပ်တန် ဆိုသည်မှာ ပြတိုက်မှာ သွားကြည့်မှသာ မြင်ဖူးနိုင်သည့် အရာမျိုး။ ငွေ

mgyoe.com

mgyoe.com SAMPLE BOOK

၆၀၀ နှင့် မိသားစုတစ်စု တစ်ပတ်စာ စားဝတ်နေရေးကို ဖြေရှင်းခဲ့ရပါသည် ဆိုလျှင် ယုံတမ်းပုံပြင်လိုလို။

စက္ကန့်တို့၊ မိနစ်တို့၊ ရက်၊ လ၊ နှစ်တို့ တဖျစ်ဖျစ် လောင်ကျွမ်းခဲ့ပြီး ဖြစ်ပါသည်။ တောင်ဘက် နှစ်အိမ်ကျော်က တရုတ်မန်ကျည်းပင်ကြီး နေရာတွင် တည်ပင်တစ်ပင် အစားထိုး ရောက်လာသည်။ အိမ်နောက်ဖေးက ရွှေလာငွေလာဂမုန်း နှစ်ပင်အနက် တစ်ပင် သေသွားသည်မှာ အတော်ကြာပါပြီ။ ဖုန်ထူသော ကွင်းပြင်နေရာတွင် ကွန်ကရစ်အတိပြီးသော လမ်းကို မြင်ရသည်။ အချို့သော ညနေများတွင် မျှော်ကြည့်ဖူးသော မြစ်ပြင်မှာလည်း သောင်ပြင်ကျယ်ကြောင့် မှုန်ကွေးကွေးသာ ရှိတော့၏။

တိမ်မီးခိုးသဖွယ် အငွေ့သာ ကျန်ရစ်သော အတိတ်ကို ဖျတ်ခနဲ အောက်မေ့မိရာတွင် ရှိုက်မိသော အသက်ငွေ့မှာ နေရာမှာတင် ခေတ္တတန့်သည်။ တစ်ဆက်တည်းမှာပင် မှိုင်းကျသွားသော မျက်ဝန်းထဲတွင် ကျွန်မကို ငေးကြည့်နေသော အမျိုးသမီးနှစ်ယောက်၏ သဏ္ဌာန်မှာ မှိန်တစ်လှည့် လင်းတစ်လှည့်နှင့်။

"သွားပါတော့လေ... သွားပါတော့"

နာကျင်လျက်ကပင် နှင်မိသည်။ စိတ်ဆန္ဒလိုအင်နှင့် ဆန့်ကျင်ဘက် လုပ်ရပ် ဖြစ်သဖြင့် စကားသံသည် ပီပီပြင်ပြင် မရှိလှ။

ပြင်ပမှာတော့ မိုးသည် ဖွဲရာကနေ တဖြည်းဖြည်း သည်းလာပါသည်။ သွပ်ခေါင်မိုးအပေါ်သို့ မိုးပေါက်များ အရှိန်နှင့် ကဆုန်ပေါက် ကြွေလိမ့်ကျလာသဖြင့် ဝုန်းဝုန်းဒိုင်းဒိုင်း မြည်သံဟိန်းလာသည်။ သည်လိုည အိပ်ပျော်နိုင်ပါ့မလား။

"မက်နေကျ အိပ်မက်တွေ မမက်တာ ကြာပြီ"

ဒါကတော့ သုံးကြောင်းမြောက် စာကြောင်း ဖြစ်သည်။ သည်စာကြောင်းကို ရေးပြီးနောက်တွင် အတွေးမျှင်က ပို၍ရှည်လျားလာသည်။

အိပ်မက်တွေ အရင်လို မမက်တော့တာ ဘဝအသစ်မှာ သူတို့ ပျော်နေကြလို့ ထင်ပါရဲ့။ ထိုအတွေးသည် ကျွန်မကို သေချာပေါက် နှိပ်စက်ကလူပြု၏။ အိပ်မက်မက်တိုင်း ငိုရသော်လည်း ထိုအဖြစ်ကနေ ကျွန်မ မလွတ်မြောက်ချင်ပါ။ လွတ်မြောက်ရန်လည်း ကြိုးစား အားမထုတ်ချင်ပါ။ ဒါသည်
mgyoe.com

mgyoe.com


မှန်သောသစ္စာ ဖြစ်ပါသည်။ သည်ဘဝမှာ သည်အိပ်မက်လေးသာလျှင် တခုတ်တရ အလွမ်းဖြေစရာအဖြစ် ကျန်ရစ်ပါသည်။

ပျော်ရွှင်သူနှင့် နာကျင်သူ… မည်သူက အတိတ်ကို ပို၍ တမ်းတတတ်သည်ကို ကျွန်မ မသိပါ။ သို့သော် ကုသိုလ်ထူးသူများသာလျှင် ကြည်ကြည်သာသာ လွမ်းနိုင်သည့် အတိတ်ကို ပိုင်ဆိုင်ခွင့် ရနိုင်သည်ဟု ထင်ပါသည်။ နိစ္စဓူဝ ရှင်သန်ရသော ဘဝ၏ ရသစုံလင်မှုတွင် အလွမ်းသည် တစ်ခါတစ်ရံ အစာကြေဆေး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မိုးရွာသည့် အချိန်မျိုး၊ လသာသည့် အခိုက်အတန့်မျိုး၊ ပင်လယ်လှိုင်းသံကို နားဆင်နေရချိန်မျိုးတွင် အတိတ်ကာလများကို စားမြုံ့ပြန်ကာ လွမ်းရသည်က ဘဝတဏှာကို မသိမသာ ဆွဲဆန့်ပေးနိုင်သော ကာမဂုဏ်တစ်ပါး ဖြစ်၏။ ထိုအကြောင်းကြောင့် အတိတ်ဟောင်း၊ အိပ်မက်ဟောင်းတို့ကို ကျွန်မ တွယ်တာလှပါသည်။

တစ်ခါက ရန်ကုန်ကို ရောက်လာသော အညာက မိတ်ဆွေ အမျိုးသမီးကြီး ပြောသည့် စကားကို အမှတ်ရမိသည်။ သူသည် လူလွတ်တစ်ဦး ဖြစ်သည်။ သူ နေထိုင်ရာ အညာက ရွာတွင် ဆွေမျိုးဉာတကာ မရှိ၊ အမိ အဖတို့ကလည်း ကွယ်လွန်နှင့်ပြီ။ သူ့လိုပဲ တစ်ကိုယ်ရေ တစ်ကာယ နေထိုင်သူ ဆွေမျိုးနီးစပ်သူတစ်ဦးက ရန်ကုန်တွင် အတူနေထိုင်ရန် လှမ်းခေါ်သည့်အခါ တစ်နေ့တော့ သူ ရောက်လာရှာပါသည်။ သို့ပေမဲ့ သူ့ကို ကြည့်ရတာ ရန်ကုန်တွင် ပျော်ပိုက်ပုံ မပေါ်ပါ။ တစ်နေ့တာ အတောအတွင်း ညှိုးငယ်သော သူ့သွင်ပြင် အထင်ရှားဆုံး အချိန်ကား ညနေ နေစောင်းလျှင် တိုက်ခန်း ဝရန်တာသို့ ထွက်ကာ အဝေးကို မျှော်ရီငေးနေတတ်သည့်အချိန် ဖြစ်သည်။

"ဘယ်ရှည်းစားများ လွမ်းနေတာလဲ ကြီးတော်ရယ်… ကိုယ့်မှာ တစ်ကိုယ်တည်း အပျိုကြီး၊ ရွာမှာ တွယ်တာစရာ ဘယ်သူမှလည်း ကျန်တော့တာ မဟုတ်ဘဲနဲ့ ဘယ်သူ့များ လွမ်းလို့ တမျှော်မျှော်လုပ်နေရတာလဲ"

သူ့ကို သည်လို မေးလျှင်တော့ အခြားသူများအဖို့ ထူးဆန်းသော၊ သို့သော်လည်း သူ့အတွက်မူ ရိုးရှင်းသော အဖြေတစ်ခုကို သူ့ဆီကနေ ကြားရလေ့ရှိပါသည်။

"လွမ်းစရာ မရှိဘူး ဆိုပေမယ့် ရွာက ကိုင်းပင်လေးတွေကို တွေးပြီး လွမ်းရတာပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


''ကိုင်းပင်လေးတွေ... ကိုင်းပင်လေးတွေ''

တဲ့။ သူ ပြောသွားခဲ့သည်။ ကိုင်းပင်လေးတွေကို လွမ်းပါသတဲ့။ ဒိုင်ယာရီ ရေးနေရင်းက ထိုအကြောင်းကို စဉ်းစားမိသွားပြန်သည်။ သူ ပြောသည့် ကိုင်းပင်လေးတွေ ဟူသော စကားလုံးကို တဖွဖွ ရွတ်ကြည့်မိသည်။ သူ့ခံစားချက်ကို ကျွန်မ ထိထိမိမိ တိတိကျကျ စာနာမိလေပြီ။

''လူတွေဟာ တွယ်ရာမဲ့ မဟုတ်ကြပါဘူး၊ ဘဝတဏှာကိုဆွဲဆန့်စေတဲ့ အာရုံတစ်ခုခုမှာ အမြဲငြိတွယ်ရင်း သိသိရက်နဲ့ မရုန်းထွက်... အထပ်ထပ် ချည်နှောင်နေကြတာပါ''

ဒါကတော့ သည်နေ့အဖို့ နောက်ဆုံးစာကြောင်း ဖြစ်သည်။ ရေးစရာအကြောင်းအရာများစွာ ရှိနေသေးသော်လည်း မရေးလိုလှတော့။ တစ်ခါတစ်ရံ ဝေဒနာသက်သာစေရန်အတွက် ခံစားချက်ကို ဖောက်ထုတ်သည့် နည်းဖြင့် ကုစားတတ်ကြသော်လည်း ခံစားချက်တိုင်း ဖြေချထိုက်နေသည်တော့ မဟုတ်ပါ။ ဆေးဝါးများလို တစ်နေ့နည်းနည်းချင်းစီ မှီဝဲထိုက်သော ဝေဒနာမျိုးလည်း ရှိပါသေးသည်။ ဝေဒနာနှင့် အသက်ဆက်ရသည်။ ဒါဟာ အလွမ်းပေါ့။

ဒိုင်ယာရီထဲက အကြောင်းအရာများကို ကျွန်မ စိတ်စွဲသဖြင့် ထင်ပါသည်။ မိုးအေးအေးနှင့် လွမ်းဆွေးခဲ့သော ညတွင် မက်နေကျ အိပ်မက်သည် တံခါးလာခေါက်ပြန်ချေသည်။

ထိုအထဲတွင် ထန်းဖူးဇာတာတစ်စောင် ပါသည်။ လည်တိုဆွဲကြိုးတစ်ကုံး ပါသည်။ ရှင်မတောင်နံ့သင်းသော အမျိုးသမီးနှစ်ဦး ပါသည်။ ရေဒီယိုသတင်းနားထောင်သူ အဘိုးအိုတစ်ဦး ပါသည်။ ဘေးလွယ်အိတ်ထဲတွင် ဖတ်စရာ စာအုပ်တစ်အုပ်စ၊ နှစ်အုပ်စ ထည့်ကာ စက်ဘီးတစ်စီးနှင့် ပေတစ်ရာလမ်းမပေါ်တွင် နင်းဖြတ်သွားသူ အမျိုးသားတစ်ယောက် ပါသည်။ ညီမလေးကို အင်မတန်ချစ်သော အစ်မတစ်ယောက် ပါသည်။ ခေါင်းတွင် အပွဖုဗလပွနှင့် နှပ်ချေးတရွှပ်ရွှပ် ကလေးမလေးတစ်ဦးပါ ပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

# ဦးကျားကြီးရယ်၊ လကွယ်နေ့ရယ်

“မန္တလေးမှာ အမှုအခင်းတွေ သိပ်ဖြစ်တာပဲ”

“အေးလေ… ဓားထိုးမှု ဖြစ်တာလည်း ခဏခဏ… ကိုယ် ကြည့်မရတဲ့သူဆိုရင် မန္တလေးကို သွားပါလားလို့တောင် မြှောက်ပေးရမလိုတောင် ဖြစ်နေပြီ”

ဆူးလေတွင် ဘတ်စ်ကား စောင့်နေရင်း ဘေးက အမျိုးသမီးနှစ်ဦး၏ အပြန်အလှန်စကားပြောသံကို ကြားလိုက်ရသည်။ ခဏအကြာတွင် “အဲဒီကားက မြေနီကုန်းကို ရောက်တယ်” ဆိုပြီး ဆိုက်လုဆိုက်ခင် ဘတ်စ်ကားဆီသို့ သူတို့နှစ်ယောက် ပြေးသွားကြသည်။ မြို့လယ်ကောင်သည် ပိုးဟပ်အသေ ရှိရာတွင် အရပ်ရှစ်မျက်နှာမှ ဝိုင်းအုံခဲနေသော ပုရွက်ဆိတ်များ ပြိုင်တူ တိုးဝှေ့နေသည့်နှယ် ကြိတ်ကြိတ်ခဲခဲ ရှိလှသည်။

ယခုတော့ ရန်ကုန်တွင် မိုးစဲသွားသည့်မှာ သုံးရက်ခန့် ရှိလေပြီ။ ရာသီကား မှိုင်းပျပျ ဖြစ်မြဲ။ မိုးမရွာ၊ လေမတိုက်ဘဲ တငွေ့ငွေ့ပူနေသဖြင့် လှောင်အိုက်လှသည်။ ပြိုက်ပြိုက်ကျသော ချွေးမှာ တစ်ကိုယ်လုံးတွင် ရှိသော အင်အားမှန်သမျှကို အဝတ်ရေညှစ်လိုက်သလို ဆွဲစုပ်ယူညှစ်လိုက်သဖြင့်

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်ခန္ဓာမှာ နွမ်းဖပ်ပြီး ကျန်ရစ်ခဲ့သည်။ နုံးသည်။ မောသည်။ ရေငတ်သည်။ လူတို့ တိုးကာ ဝှေ့ကာ အော်ကာ ဟစ်ကာ တွန်းကာ ထိုးကာ ရှိနှင့်သော မြင်ကွင်းကြောင့် ပိုပြီး စိတ်လက်မအီမသာ ဖြစ်ရသည်။ တုပ်ကွေးများ ဖြစ်ချင်လားမသိဟု တွေးပြီး ဘတ်စ်ကားမှတ်တိုင် ထိုင်ခုံမှာ ထိုင်ရင်း မျက်စိမှိတ်၍ အသာမှိန်းနေခိုက်တွင် မန္တလေး၌ အမှုအခင်း ပေါများကြောင်း စကားသံကို ကြားရခြင်း ဖြစ်သည်။

လူတို့သည် မိမိနှင့် နီးစပ်သည့် သတင်းအပေါ်မှာ ပိုပြီး စိတ်ဝင်စားမှု ရှိသတဲ့။ မန္တလေး ဆိုသည့် ဝေါဟာရကို နားတွင် အဖျားခတ်မိရုံနှင့် သိလိုစိတ်က ခေါင်းထောင်လာသည်။ လွမ်းတစိတ်က ဘောင်ဘင်ခတ်လာသည်။ ဒါက ကျွန်မ၏ ဇာတိမြို့ပေကိုး။

ကျွန်မတို့ ငယ်စဉ်တုန်းက မန္တလေးက သည်လို မဟုတ်။ လူဦးရေလည်း မများလှသလို မျက်နှာစိမ်းလည်း မပေါလှပါ။ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင် စသည့် ကျုံး၏ အရပ်လေးမျက်နှာစလုံးမှာ စက်ဘီးလေး ကြော့ကြော့နင်းရင်း တစ်အိမ်နှင့် တစ်အိမ် ကူးလူးဖို့ မခက်ခဲလှ။ မရှုပ်ထွေးလှ၊ မဆူညံလှ။ အဘိုး၊ အဘွားတို့ ပြောသည်က ဒုတိယကမ္ဘာစစ်အပြီး မုံရွာ၊ ရွှေဘို စသည့် အနီးအနား အညာမြို့တော်များက လူတွေ ပိုပြီး ပြောင်းရွှေ့လာသည့်နောက်ပိုင်း မြို့တော်ဟာ စည်ကားလာသတဲ့။ သည်စည်ကားမှုဟာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း တရွေ့ရွေ့တက်ရိပ်ပြသွားသော လူဦးရေနှင့် တိုက်တာအဆောက်အအုံ ကိန်းဂဏန်းနှင့် ယှဉ်လျှင်မူ မပြောပလောက်ပေ။ ယဉ်ကျေးမှုအငွေ့အသက် အကင်းမသေသေးသည့် မြို့၏ ရွှေထီးဆောင်းကာလ အဖျားအနားကို သိမီခဲ့သော ကျွန်မအဖို့ သည်မြို့သည် အဘိုးလည်း ဟုတ်သည်၊ အဘွားလည်း ဟုတ်သည်၊ အဖေလည်း ဟုတ်သည်၊ အမေလည်း ဟုတ်သည်၊ ကိုယ်ကိုယ်တိုင်လည်း ဟုတ်သည်။

မန္တလေးဟု စကားစလိုက်လျှင် ကျွန်မ ပထမဆုံး မှတ်မိသည်မှာ ဦးကျားကြီးဝင်း မီးလောင်ခြင်း ဖြစ်သည်။ ထိုမီးလောင်မှုနှင့် ကျွန်မ၏ လူ့ဘဝ အစကား ရှေ့ဆင့်နောက်ဆင့် ဖြစ်ခဲ့သည်။ ဦးကျားကြီး မီးကို ကျွန်မ မမီလိုက်ပါ။ လူကြီးများ ပြောစကားဖြင့်သာ ရင်းနှီးရသည်။ ကျွန်မ သိတတ်စအရွယ် အသက် လေး၊ ငါးနှစ်တုန်းက မေမေနှင့် ဈေးချိုသို့ လိုက်သွား

mgyoe.com

mgype.com SAMPLE BOOK

လျှင် လမ်းတစ်လျှောက်တွင် လောင်မီးက ချန်ရစ်ခဲ့သည့် ပြတင်းပေါက်ဟောင်းလောင်းနှင့် တိုက်အိုများကို ကြိုးကြားကြိုးကြား တွေ့ရပါသည်။ အမှတ် (၆) လိုင်းကားမှာ ကျွန်မတို့ အိမ်မှ ဈေးချိုသို့ ရောက်နိုင်သည့် တစ်ခုတည်းသော ယာဥ်လိုင်း ဖြစ်ခဲ့သည်။ စစ်ကျန် ဗိုက်ပူကားအိုကြီး သယ်ဆောင်ရာကို တရွေ့ရွေ့ လိုက်ပါသွားရင်း မီးကြောင့် ပျက်စီးခဲ့ရသော မြို့ကို ငေးကြည့်တတ်ခဲ့သည်။ ကျွန်မ မမွေးဖွားမီက လောင်မြိုက်ခဲ့သော မီး၏ အဖျက်စွမ်းအား မည်မျှသက်ရောက်မှု ပြင်းထန်သည်ကို ချက်ချင်းနာလန်ထူ ရှန်းမထနိုင်တော့သော မြို့က သက်သေခံလျက် ရှိသည်။

မေမေ ပြောတာထက် ဘွားဘွားကတော့ မီးလောင်မှုအကြောင်း အသေးစိတ်ပိုပြီး ပြောပြနိုင်ပါသည်။ ဘွားဘွား ပြောပြပုံက ရုပ်လုံးကြွသည်။ စီကာ စဥ်ကာ ရှိသည်။ မနေ့တစ်နေ့က ဖြစ်ပွားသွားခဲ့သည့်အလား အဖြစ်အပျက်ကို လတ်ဆတ်အောင် သူ ပြောတတ်သည်။

“ညနေစောင်းကတည်းက စပြီး လောင်တယ် မှတ်တာပဲ… မီး… မီးဟေ့ဆိုလို့ အိမ်အပြင်ထွက်ကြည့်တော့ အနောက်မြောက်ထောင့်ကောင်းကင်မှာ ဝင်းလို့… အစကတော့ ခပ်အေးအေး ကြည့်နေတာပေါ့… အရေးထဲ လေကလည်း တိုက်လိုက်တာ… မီးက မငြိမ်းဘဲ တဖြည်းဖြည်းကြီးလာတော့ မဖြစ်တော့ဘူးဆိုပြီး ပစ္စည်းတွေ သိမ်းရတာ… တစ်ညလုံးလည်း မအိပ်ရပါဘူးအေ… ဘယ်အချိန် ဒီဘက်ကိုများ ရောက်လာမလဲလို့… ကံကောင်းချင်တော့ တောင်လေတိုက်တော့ မီးက မြောက်ဘက်ကို ရွေ့တယ်… ညမိုးချုပ်တဲ့အထိ မီးက အရှိန်ကောင်းတုန်း…. ဗဟိုဘဏ်နား ရောက်တော့မှ ငြိမ်းတယ်… ငြိမ်းတော့လည်း မြို့တစ်ဝက်က မီးထဲပါသွားပြီလေ”

“မီးက မြောက်ဘက်ကို မသွားဘဲ တောင်ဘက်ကို လာရင် ကျွန်တော်တို့ ဘယ်ကို ပြေးကြမှာလဲဟင် ဘွားဘွား”

“ဘုန်းကြီးကျောင်း ပြေးမှာပေါ့အေ… ညည်းနှယ်… ဘုရားကြီးနားက ဘုန်းကြီးကျောင်းကို ပြေးမလား၊ ဇောတိကုန်းဘက်က ဘုန်းကြီးကျောင်းကို ပြေးမလား… မန္တလေးမယ် ဘုန်းကြီးကျောင်းတွေ ပြည့်လို့… ကိုယ်နဲ့ သိသိ မသိသိ မီးဘေးဒုက္ခသည်ဆိုရင် ဘယ်ဘုန်းကြီးကျောင်းကမှ ပစ်မထားဘူး…. မန္တလေးရော စစ်ကိုင်းရော ဘုန်းကြီးကျောင်းတွေ ရှိနေသမျှ

mgype.com

mgyoe.com

SAMPLE BOOK

လုံခြုံတယ်… စစ်ဖြစ်တုန်းကလည်း ဒီမြို့က လူတွေ စစ်ကိုင်းချောင်တွေထဲ သွားပြီး စစ်ခိုကြရတာပဲ”

နောင်တွင် လူကြီးတွေက ကောက်ချက်ချကြသည်။ ဦးကျားကြီး မီးဟာ မြို့၏ ကံကြမ္မာကို အချိုးအကွေ့ ဖြစ်စေသည်တဲ့။ မီးကြောင့် ခါးကျိုး ကျသွားသည့်မြို့မှာ ၁၉၈၇ ခုနှစ်တွင် ငွေစက္ကူများ တရားမဝင် ကြေညာအပြီး နောက်တစ်နှစ်အကြာတွင် တစ်ပြည်လုံး အုံကြွသည့် အရေးအခင်းကြီးလည်း နောက်ဆက်တွဲဖြစ်လေရာ ပိုမိုကျပ်တည်းလာခဲ့ဟန် ရှိခဲ့သည်။ သည့်နောက် မှာတော့ မြို့လယ်ကောင်တွင် အစဉ်အဆက် နေလာသူအချို့ မြို့အပြင်ဘက် သို့ ရွှေ့ပြောင်း စတည်းချလာကြသည်ဟု ရှေ့မီနောက်မီတို့က ပြောသည်။

“ဦးကျားကြီးမီးက တစ်မြို့လုံးကို ဂြိုဟ်မွှေတာ… ဒီလောက်ကြီး တဲ့ မီး တစ်ခါမှ မကြုံဖူးဘူး… အဲဒါ နိမိတ်မကောင်းတာ… ညည်းက ဦးကျားကြီးဝင်း မီးလောင်ပြီး နှစ်လ နေတော့ မွေးရော… မီးလောင်တုန်းက ညည်းအမေမှာ ကိုယ်ဝန်ကြီး တမမနဲ့ တောင်ပြေးရမလိုလို မြောက်ပြေးရ မလိုလိုလေ… မပေါ့မပါးဖြစ်ရတာ… ညည်းကို မွေးတော့လည်း လကွယ် နေ့ကြီး… အဲ့ဒီကတည်းက ဒီကလေး ကောင်းကျိုးပေးမှာ မဟုတ်ဘူးလို့ ငါက သိပြီးသား”

ကျွန်မနှင့် ဘွားဘွား စကားနိုင်လုတိုင်း ဘွားဘွားက မဆိုင်ရာကို ဆွဲထည့်ကာ သည်လို အနိုင်ယူပြောတတ်သည်။ သည်အကြောင်းကြောင့်ပင် ဦးကျားကြီးမီးသည် ကျွန်မ အသိဉာဏ်တွင် စွဲစွဲထင်ထင် ဖြစ်ခဲ့ရသည်။ အသစ် ပြန်လည် မပြင်ဆင်နိုင်သဖြင့် သည်အတိုင်း ပစ်ထားရသော မီးလောင် တိုက် အိမ်များကို ကိုယ်နှင့် ဆက်စပ်မှုရှိသည့်အလား ငေးမောလွမ်းတတတ်လာ သည်။

“မြောက်ဘက်အိမ်က ကိုကိုကုလား မွေးတုန်းက လျှောင်လှုပ်တယ် တဲ့… ဒေါ်လေးညိုက အဲ့ဒါ သူ့သားဟာ မင်းလောင်းလေး ဖြစ်ချင်ဖြစ်မှာလို့ မေမေ့ကို ပြောဖူးတယ်တဲ့ သိလား၊ အဲဒါ ဟုတ်လား ဘွားဘွား… ကျွန်တော် မမွေးခင် မီးလောင်တယ် ဆိုတော့ ကျွန်တော်ကကော ဘာဖြစ်မှာလဲဟင်”

“ကြားဖူးပါဘူးအေ… ပေါက်ပေါက်ရှာရှာတွေ… ကုလားလည်း ဘာမှ မဖြစ်ဘူး… ညည်းလည်း ဘာမှမဖြစ်ဘူး… ဒါပေမဲ့ ကုလားက

mgyoe.com

mgyoe.com
SAMPLE BOOK


လိမ္မာတယ်၊ အနေအေးတယ်… ညည်းကတော့ ဆိုးတယ်… အဲ့ဒီတော့ ငါ့အတွက်တော့ ကောင်းကျိုးမပေးဘူး”

သည်လိုအပြောခံရတိုင်း ကျွန်မသည် ဘွားဘွားကို အတွန့်တက်စမြဲ။

“ဘာလို့ ကောင်းကျိုးမပေးတာလဲ”

“ညည်းမှ မလိမ္မာတာ”

“ဘာလို့ မလိမ္မာဘူးလို့ ပြောတာလဲ”

“ပြောစကားမှ နားမထောင်တာပဲဟာ”

“ပြောစကားက ဘယ်တုန်းက နားမထောင်ဘူးလို့လဲလို့”

“ကိုင်း‥ကြည့်… အခု ဂျစ်ကန်ကန် လုပ်နေတာတွေလေ”

ကျွန်မသည် သိပြီးသား အကြောင်းအရာကိုပင် ဘွားအေကို ဂျီကျပြီး မေးမေးစမ်းစမ်း လုပ်တတ်သည်။ ကိုယ်မသိလိုက်ရသည့် ကိုယ့်အကြောင်းကို စိတ်ဝင်စားလှသည်။ ကျွန်မကို မွေးဖွားစဉ်က လူကောင်လေး ဖွံ့ရဲ့လား၊ အသားလေး နီရဲ့လား၊ အူဝဲမြည်သံ အောင်ရဲ့လား ဆိုသည်ကအစ သိချင်သည်။ ငှက်ပေါက်စလေးများလို အမွေး ကျိုးတိုးကျဲတဲနှင့် အသိုက်ထဲက နေ နှုတ်သီးကို မိုးမျှော်လျက် ကျည်ကျည်ကျာကျာ မြည်တမ်းသလိုမျိုး ကျွန်မ လုပ်ခဲ့ဖူးသလား။ ကြောင်ပေါက်စလေးတွေ မပြင်မကမ်း တစမ်းစမ်း နှင့် ထော့နင်းနင်းဖြစ်သလို ကျွန်မကကော ရုန်းကန်ခဲ့ဖူးသလား။ ဝက်ပေါက် ကလေးတွေ တစ်ကောင်ပေါ်တစ်ကောင် ကျော်ခွတိုးဝှေ့ကာ မိခင်နို့ကို အာသာ ငမ်းငမ်း ဖြစ်သလိုမျိုး ကျွန်မကကော အငမ်းမရဖြစ်ခဲ့ဖူးလား။ ဘဝ၏အဦးအစ သည် သည်မျှအထိ ကျွန်မအဖို့ စိတ်ဝင်စားစရာ ကောင်းပါသည်။

⁂

ဧပြီလ နှောင်းပိုင်း တစ်ရက် ဖြစ်ပါသည်။ တိတိကျကျ ဆိုရလျှင် လမကုန်ခင် တစ်ရက် ဖြစ်သည်။

နွေရာသီမို့ အရုဏ်ကျင်းချိန် စောပါ၏။ ဆူပွက်လွန်းသော အပူရှိန် သည် ထိုတစ်နေ့ နွေလယ်ညဉ့်မှာတော့ အနည်းငယ် ပျော့ပျောင်းဟန် ရှိခဲ့

mgyoe.com

mgyoe.com SAMPLE BOOK



ပါသည်။ သို့သော် ဆေးရုံကြီး၏ မွေးလူနာဆောင်ပြင်ပတွင် ဇနီးသည်ကို စောင့်နေရသော အမျိုးသားကြီးနှင့် မွေးခန်းထဲက ကိုယ်ဝန်ဆောင်မိခင်မှာတော့ သောကလောင်စာသည် မွေးဖွားခါနီးလေ အရှိန်တညီးညီး တောက်လေ ဖြစ်နေသည်။

"အဲဒီအချိန်တုန်းက ဘာမှမတွေးမိဘူး... မွေးလာတဲ့ ကလေး ခြေလက်အင်္ဂါစုံ မစုံ၊ အဲဒါပဲ ပူတာ"

ကျွန်မကို မွေးခဲ့သည့်အကြောင်း ပြန်မေးလေတိုင်း မေမေ့အဖြေ သည် သည်သို့သာ မယွင်းမပြောင်း ရှိနေခဲ့သည်။ မွေးဖွားချိန်အတွင်း ခြေချော်လက်ချော် ဖြစ်ပြီး မိခင်၏ အသက်အန္တရာယ်နှင့် ကြုံလာခဲ့လျှင်ကော ဆိုသည့် ဒုတိယမ္ပိအပူသည်ပင် စိုးစဉ်းမျှ မရှိခဲ့၊ မတွေးခဲ့ပါတဲ့။ မေမေ၏ အပ်ကြောင်းထပ်မျှသော ထိုအဖြေကို မဟောင်းသော ပုံပြင်လို နားထောင် မဝ ဖြစ်ခဲ့သည်။ ပြီးတော့ ဒါဟာ ကျွန်မအကြိုက်ဆုံး ပုံပြင်ပါပဲ။

လူ့လောကထဲသို့ ရောက်လာသူကို သက်ဆိုင်ရာ အသိုင်းအဝိုင်း၏ အသိအမှတ်ပြုပုံကို အခြေခံပြီး ထိုလူသား၏ အတ္တဦး သန္ဓေတည်သည်ဟု ထင်ပါသည်။ ကလေးဘဝမှာတော့ မိမိကို မမွေးဖွားခင်က အကြောင်း၊ မွေးဖွား စဉ် အကြောင်း၊ မွေးဖွားပြီး အကြောင်းတို့ကို အတော်သိချင်ခဲ့သည်။ ကျွန်မက တော့ သူများထက် ထူးချင်သည့် နေရာတွင် နှစ်ပြန်ကဲသူဟု ဆိုရမည်။

"သမီးကို မွေးတော့ မျက်နှာဖုံးစွပ် ပါလာလား မေမေ"

"မပါပါဘူး.. ဒီအတိုင်းပဲ မွေးတာလေ... ငိုလိုက်တာလဲ ပြုလန် နေတာပဲ"

"အချင်းကော စလွယ်သိုင်း မွေးလာတာလား"

"ဟယ်... ပေါက်ပေါက်ရှာရှာ... ဘာစလွယ်မှ မသိုင်းဘူး"

"ရွှေဇွန်းကော ကိုက်ရသေးလားဟင်"

ထိုအခါ အနားမှာရှိသော အဘွားသည် မနေသာတော့။ ကျွန်မ၏ တောင်စဉ်ရေမရ မေးခွန်းများကို နားကလောလာဟန် တူသည်။

"ဟဲ့... မွေးခါစကလေး သွားတောင် မပေါက်သေးတာ... ဘယ်က ရွှေဇွန်းကို ကိုက်ချင်သေးတာတုံး"

"ဒါဖြင့် တခြားကလေးတွေလိုပဲ မွေးလာတာပေါ့"

mgyoe.com

mgyoe.com

"အေးပေါ့"

မေမေနှင့် ဘွားဘွား၏ အပြေကြောင့် စိတ်ကူးယဉ်ဇာတ်လမ်းကို နိဂုံးချုပ်လိုက်ရသည်။ သူတို့ မည်သို့ ပြောပါစေ။ ကစားဖော် သူငယ်ချင်းများနှင့် တွေ့လျှင်တော့ ကျွန်မသည် မျက်နှာဖုံးစွပ်လျက် အချင်းစလွယ်သိုင်းကာ ရွှေဓွန်းကိုက်ပြီး မွေးဖွားလာသူဟုသာ ပြောလေ့ရှိသည်။ သူတို့ကလည်း အားကျမခံ မွေးကတည်းက အဖေ၊ အမေ နာမည်အော်ခေါ်ပြီး မွေးလာသူတွေဟု ပြောလိုပြော၊ ဆေးရုံမှာကတည်းက သူငယ်ချင်းတွေရလာခဲ့သည်ဟု ပြောလိုပြော တစ်ယောက်နှင့်တစ်ယောက် သေးသေးတင်မခံ ပြန်ကြွားကြပါသည်။

"နေပါဦး… အဲဒီ ရွှေဓွန်းကိုက်တာတွေ၊ စလွယ်သိုင်းတာတွေက ဘယ်က သိလာရပြန်တာတုံး"

ဘွားဘွားသည် သနပ်ဖက် ဆေးပေါ့လိပ်ကို တစ်ချက် ဖွာလိုက်ရင်း ခပ်ငေါ့ငေါ့ မေးလေသည်။ နေ့လယ်နေ့ခင်းဆိုလျှင် ဘွားဘွားသည် ထမင်းစားပြီးချိန်တွင် ခါးတွင်းချဉ်ပြေအောင် ဆေးလိပ်ဖွာတတ်သည်။ ဘွားဘွားနှင့် မလှမ်းမကမ်းတွင် မေမေကလည်း စာရင်း တွက်ချင် တွက်နေတတ်သည်။ သည်လိုအချိန်ဆိုလျှင် ကျွန်မကတော့ သူတို့အနားမှာ တကျည်ကျည်ပေါ့။

"သူများတွေ ပြောနေကြတာပဲလေ"

"အဲဒီတော့ အဲလို မွေးလာတော့ ဘာဖြစ်သတဲ့တုံး"

"အဲဒီလို မွေးလာရင် ထူးခြားတယ်တဲ့… ထိပေါက်တယ်တဲ့… ချမ်းသာတယ်တဲ့"

ကျွန်မကို ထူးထူးခြားခြား မွေးမပေးခဲ့လို့သာ အဖေတို့၊ အမေတို့ ထိမပေါက်၊ မချမ်းသာကြတာ ဆိုပြီး ငြူငြင်ချင်မိသလိုလို ရှိသည်။ ဘွားဘွားကတော့ ကလေးလို မနေရ၊ မတွေးရကောင်းလား ဆို၍ ဆူငေါက်သည်။ ဆူချင်ဆူ၊ ငေါက်ချင်ငေါက်၊ ကျွန်မတို့ကတော့ ပေါက်ကရပေါင်းစုံ ဇာတ်လမ်းခင်းကာ တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်ကြသည်။

သူငယ်တန်းပင် မတက်ရသေးသော ကျွန်မတို့သည် မွေးကင်းစကလေးဘဝအကြောင်း စားမြုံ့ပြန်လျှင်ပင် နှစ်ပရိစ္ဆေဒ အလွန်ကြာညောင်းခဲ့ပြီဖြစ်သော အကြောင်းအရာတို့ကို တသသ ပြောဆိုနေရသလို လူကြီးဟန်

mgyoe.com

mgyoe.com
SAMPLE BOOK


ဖမ်း၍ ပြောတတ်ကြသည်။ မနေ့တစ်နေ့က အကြောင်းအရာလေးကို ပြန်ပြောကြလျှင်တောင် "ငါ ငယ်ငယ်တုန်းကလေ‥" ဟူ၍ အစချီတတ်သည်။

ထိုအကြောင်းများ ပြန်တွေးရလျှင် တစ်ခါတစ်ရံတော့လည်း ရယ်မိသည်။ တစ်ခါတစ်ရံတော့လည်း လွမ်းစရာကောင်းသည်။ သည်အထဲတွင် ဖိုးကျော်၏ နိဗ္ဗာန်ဇာတ်လမ်းလည်း ပါသည်။

"ငါ ငယ်ငယ်တုန်းက နိဗ္ဗာန်ရောက်ဖူးတယ်"

ဖိုးကျော် သည်လို ပြောလာတော့ ကျွန်မ မခံချင် ဖြစ်မိသည်။ ပြီးတော့ အံ့သြရသည်။ သည်တုန်းက ဝါတွင်းကာလမှာ ဘွားဘွားနှင့်အတူ တရားပွဲကို အဖော်လိုက်ခဲ့တုန်းကပါ။ သူ့စကားသံကို ကြားကြားချင်း တရားနာ ပရိသတ်အတွက် ကုသိုလ်ပြုသည့် ဆီးဖျော်ရည်ကို တန်းစီ ယူနေရင်းက ခြေလှမ်းကိုတုံ့၍ လှည့်ကြည့်မိသည်။ ဆီးဖျော်ရည်ထက် ဖိုးကျော် နိဗ္ဗာန်ရောက်ဖူးသည့် အကြောင်းကို သာ၍ စိတ်ဝင်စားသည်။

"နင်က ဘယ်လိုလုပ် ရောက်ဖူးတာလဲ"

"အဖေ ခေါ်သွားတာ… ဆိုက်ကားလည်း စီးရတယ်၊ ရထားလည်း သုံးရက် စီးရတယ်၊ လေယာဉ်ပျံရောပဲ… ပြီးမှ ရောက်တာ‥ နိဗ္ဗာန်က နိုင်ငံခြားနဲ့ တူတယ်ဟ…"

သည်လိုနှင့် ကျွန်မတို့မှာ နင်က နိဗ္ဗာန်ပဲ ရောက်ဖူးတာ၊ ငါက ငရဲ ရောက်ဖူးတယ်၊ ငါက နတ်ပြည် ရောက်ဖူးတယ်၊ သရဲတွေဆီ ရောက်ဖူးတယ် ဟူ၍ အလုအယက် ကြွားကြသည်။ လူကြီးများဆီကနေ အကြားဖြင့် တစ်ယောက်က သိုက်က လာတယ်ဟု ဆိုလျှင် ကျန်သူအပေါင်းကလည်း သိုက်ကချည်း ဖြစ်ကုန်သည်။ တစ်ယောက်ပြီး တစ်ယောက် ကိုယ်ပိုင်သိုက် ဇာတ်လမ်းကို မရိုးမချင်း အမျိုးမျိုးထွင် ပြောကြသည်။

တစ်ယောက်က သရဲ တွေ့ခဲ့သည်ဟု ဆိုပြန်လျှင် "နင်တွေ့တဲ့ သရဲထက်… ငါ့သရဲက ပိုကြောက်စရာကောင်းတယ်" ဟု ဆိုကာ သရဲအကြောင်း ပြိုင်ပြောကြပြန်သည်။ အနိုင်လိုချင်လွန်း၍သာ အပြိုင်အဆိုင် ပြောခဲ့ကြသည်။ ညကျတော့ ကိုယ်ပြောထားသည့် သရဲပုံပြင်ကို ကိုယ့်ဘာသာ ပြန်တွေးမိပြီး ကြောက်ကြရပြန်သည်။ အပြိုင်ပြောကြစတမ်းဆိုလျှင် အနိုင်မခံ အရှုံးမပေး အကြွားကောင်းလွန်းလို့လည်း အရိုက်ခံရဖူးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ့အဘွားမှာ နှလုံးရောဂါ ရှိတယ်… မောမောနေတာလေ… ရုပ်ရှင်ထဲက မင်းသမီးတွေလိုပဲ သိလား… အဲဒါ သူဌေးရောဂါတဲ့"

ဝေလွင်က သည်လို ပြောလာတော့ ကျွန်မ မခံနိုင်တော့။

"ငါ့အဘွားဆို ဒီထက်တောင် များသေး၊ နှလုံးရောဂါရော၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ၊ ကာလသားရောဂါ အကုန်ရှိတယ်… အကုန် သူဌေးရောဂါချည်းပဲ… ငါ့အဖေနဲ့ ငါ့အမေဆို အဘွားကို ဆေးကုရလို့ ပိုက်ဆံတွေ တအားကြီးကုန်တာ"

တစ်ဖက်က သူငယ်ချင်း ပါးစပ်ပိတ်သွားအောင်၊ သူပင် ပြောစရာ မကျန်တော့လောက်အောင် သိသမျှရောဂါတွေကို သည်လိုတသီတတန်းကြီး ပြောလိုက်ရသည်ကိုပင် ကျွန်မမှာ အားရနေမိသည်။ ဝေလွင်သည် မျက်လုံး ကလေး ပြူး၊ ပါးစပ်ကလေး အဟောင်းသားဖြင့် အံ့သြနေလေသည်။ ပြီးတော့ ဝေလွင်က ပြောသေးသည်။

"နင်တို့ ချမ်းသာလိုက်တာနော်… ငါလည်း အဲလိုရောဂါတွေ ဖြစ်ချင်လိုက်တာ"

တဲ့။ ပြောကောင်းလား၊ မပြောကောင်းလား မသိပေမဲ့ ကျွန်မတို့မှာ ကိုယ့်ထက်သာသည်ဟု ထင်လျှင် အားကျတတ်ကြသည်။ ကလေးဘာသာ ဘာဝ အိုခြင်း၊ နာခြင်းနှင့် ရောဂါဘယ ဆိုသည်ကိုလည်း အထူးကြောက်လန့် မနေမိ။ သူ့မှာ နှလုံးရောဂါရှိတယ်ဟု ဆိုလျှင် ကိုယ်ပါ နှလုံးရောဂါ လိုက်ဖြစ် ချင်သည်။ သူငယ်ချင်း နေမကောင်းလျှင် ကိုယ်ပါ ချက်ချင်းလက်ငင်း ဖျားပြီး ကျောင်းမသွားချင်တော့ပေ။ တုပ်ကွေးရာသီများ ဆိုလျှင် မိဘတွေကသာ သူတို့သားသမီးကို တုပ်ကွေးကူးလာမှာကို စိုးရိမ်နေကြသည်။ ကျွန်မတို့ မှာတော့ ကျောင်းမသွားချင်သဖြင့် တုပ်ကွေး ကွေးချင်ချင် ဖြစ်နေသော သူငယ်ချင်း အနားမှာတင် ဝေဒနာကူးအောင် အလုအယက် ပူးကပ်ထိုင်ချင်ကြ သေးသည်။

ဘွားဘွားကတော့ ကျွန်မတို့နှင့် ပြောင်းပြန်။ သူက အယူသီးတတ် သည်။ ဇာတ်လမ်းက ကျွန်မ အကြွားအကြောင်းကို ဝေလွင့်အမေသိရာက စပါသည်။ ဈေးမှာ ဝေလွင့်အမေနှင့် ဘွားဘွားတို့ တွေ့ကြတော့ ဝေလွင့် အမေက ပြောသတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒေါ်ဒေါ် မြေးအငယ်မကတော့ ကြွားတာများ လက်လန်တယ်"

"ဘာများ ကြွားလိုက်လို့လဲ"

"ဘာရှိရမလဲ ဒေါ်ဒေါ်ရယ်... ဒေါ်ဒေါ်အတွက် ဇဖ ပါးရောဂါ အားလုံးကို သူ လေလံဆွဲပေးထားတာ"

နဂိုကတည်းက ကျွန်မအပေါ် အမြင်မကြည်လင်သော ဘွားဘွား အတွက် ပိုပြီး မျက်မုန်းကျိုးစရာ ဖြစ်လာသည်။ မေမေ့ကို တိုင်တည်ပြီး စွဲချက်တင်တော့ လျှာချော်ပြီး အကြွားလွန်သည့် အမှုဖြင့် အရိုက်ခံရသည်။ ရိုက်တာက နာလှအောင်တော့ မဟုတ်။ သို့ပေမဲ့ ကျွန်မမှာ ဝမ်းနည်းလှ သည်။ "သမီးက စေတနာနဲ့ ကြွားပေးတာကို"ဆိုကာ ပြောပြီး ငိုသတဲ့။ လူကြီး တွေမှာ ရယ်ရခက်၊ ငိုရခက်နှင့်။ ကျွန်မ မွေးကင်းစတုန်းက အကြောင်းကို ဖွယ်ဖွယ်ရာရာ မပြောကြသော်လည်း သည်လို ပေါက်တိပေါက်ရှာ ဇာတ်လမ်း တွေကိုတော့ အဘိုးတို့၊ အဘွားတို့ အတော်လေး မှတ်မှတ်သားသား ရှိကြသည်။ "ညည်း ငယ်ငယ်က သိပ်ဆိုးတာ" ဆိုကာ အစချီပြီး ပြောရတာမျိုးကို သူတို့ ပိုပြီး အာတွေ့ကြသည်။

ငယ်ငယ်တုန်းကတော့ အရိုက်ခံရတိုင်း ငါ့ကို ဘာလို့ ရိုက်ပါလိမ့်ဆိုပြီး မသိနိုးနားစိတ်ဖြင့် ငိုရသည်။ အသက်ကြီးလာသည့်အခါ ထိုအဖြစ်အပျက် များကို တတိတိ ပြန်တွေးတိုင်း တစိမ့်စိမ့် ပြုံးမိသည်။ သို့သော်လည်း ပြုံးသူ ၏ မျက်ဝန်းမှာ အရည်ကြည်တို့ လဲ့နေခဲ့သည်။ ဒါကတော့ သိနိုးနားစိတ်ကြောင့် ဖြစ်ပါသည်။ လကွယ်နေ့တွင် မွေးခဲ့သောသူ၏ ဘဝတွင် လမင်းအလင်းလို ဝင်းပသော နေ့ရက်များ ရှိခဲ့ဖူးသည်။ ဘဝသည် လပြည့်နှင့် လကွယ်လို မှောင်တစ်လှည့်၊ လင်းတစ်လှည့်။ ကျွန်မ၏ အသက်ဆယ့်လေးနှစ်အထိတော့ လကွယ်မှသည် တဖြည်းဖြည်း လဆန်းပြီး လပြည့်ခဲ့သောနှစ်များ ဖြစ်သည်။ သည့်နောက်နှစ်များကတော့ လပြည့်ကျော်နှစ်များဟု ဆိုရပါမည်။

❑

mgyoe.com SAMPLE BOOK

# ( ၃ )

# ထန်းဖူးဇာတာ တစ်စောင်

လိမ္မာသော ကလေးထဲတွင် ကျွန်မ မပါဝင်ခဲ့ပါ။ ဂျစ်ကန်ကန်၊ ညစ်တစ်တစ် ဆိုသည်မှာ ငယ်စဉ်က ကျွန်မ ပိုင်ဆိုင်ခဲ့ရသော သညာများ ဖြစ်သည်။ သို့ပေမဲ့ ကျွန်မ၏ ဇာတာကို ကြည့်ပြီး ထူးချွန်ထက်မြက်မည့် ကလေး၊ လိမ္မာရေးခြားရှိမည့် ကလေး၊ သူတော်ကောင်းဖြစ်မည့် ကလေးဟုများ ဗေဒင်က ဟောလျှင် ချက်ချင်းဆိုသလို ကျွန်မ၏ စနိုးပို့က်ပုံပြင်မှာ အရောင် တောက်ပလာပါသည်။

ဖေဖေကတော့ ကျွန်မ၏ တစ်ခုသော မွေးနေ့မှာ ကျွန်မ မွေးဖွားခဲ့စဉ်က အကြောင်းကို ဒိုင်ယာရီစာအုပ်ထဲတွင် စာသံပါပါ အမှတ်တရ ရေးပေးဖူးသည်။

"အဲဒီနေ့က လူ့လောကကို စရောက်ခါစ သမီးလေးရဲ့ ငိုသံ သေးသေး စူးစူးလေးက ဖေဖေ့အတွက်တော့ ဆည်းလည်းသံပါပဲ၊ သမီးနဲ့ မမဟာ ဖေဖေနဲ့ မေမေအတွက် လမင်း နှစ်စင်းပေါ့၊ သမီး ဘဝကို အေးချမ်းစေချင်တယ်၊ ကြည်လဲ့စေချင်တယ်၊ ထွန်းပစေချင်တယ်" တဲ့။

သည်တော့လည်း ကျွန်မ တွေးမိပြန်သည်။ အမိဝမ်းက ကျွတ်ခါစ နီတာရဲလေး ကျွန်မကို တွေ့ရစဉ်က ဖေဖေ ဘယ်လိုများ ခံစားရပါလိမ့်၊

mgyoe.com

mgyoe.com

မြန်မာဗွီဒီယိုဇာတ်လမ်းထဲကလို ခုန်ပေါက်နေသလား၊ ခြေတုန်လက်တုန်နှင့် ပျော်ရွှင်နေမလား။

"အမေရော ကလေးရော ကျန်းမာတယ်၊ ချောချောမောမော ဖြစ်တယ်ဆိုရင် ပြီးတာပဲပေါ့ သမီးရယ်..."

ဖေဖေ၏ ရိုးရှင်းသော အဖြေကို အားမရနိုင်ပါ။ ဒါကလည်း ကျွန်မ က သားဦး မဟုတ်သောကြောင့် ဖြစ်လိမ့်မည်ဟု တွေးကာ အားငယ်မိသည်။

"မမ အလှည့်တုန်းကကျတော့ ဘွားဘွားက ချစ်လွန်းလို့ ဆိုပြီး မွေးပြီးပြီးချင်း သူ့ခုတင်ထဲ ခေါ်သိပ်တာဆို... သမီးက အရင်မမွေးဘဲ မမက ဘာလို့ အရင်မွေးရတာလဲ"

မဒကျေမနပ်နှင့် ကျွန်မ ဆူဆောင့်လျှင်-

"နောက်မှ မွေးပေမယ့် ဖေဖေ့သမီးလေးက အချောလေးပဲ"

ဖေဖေ သည်လို နှစ်သိမ့်တော့မှသာ ကျွန်မက ကျေနပ်တော့သည်။

"အေး.. ဟုတ်တယ် ဟုတ်တယ်၊ အငယ်မက အချော"

အဘိုး အဘွားတွေကလည်း ကျွန်မကို စနောက်ချင်သဖြင့် ဘေး ကနေ မြှောက်ပင့်ပေးတတ်သေးသည်။ ကလေး ဆိုတော့ ကိုယ်ကလည်း အဟုတ် ထင်သည်။ မှန်ပြေးကြည့်ရသည်။ မျက်နှာကို ဖွေးနေအောင် ပေါင်ဒါ ပုတ်သည်။ မျက်နှာတစ်ခုတည်းသာ ကွက်၍ ဖွေးကာ လည်ပင်း မည်းနေသူ ကို အဝေးကနေ တွေ့လျှင်တောင် ကျွန်မမှန်း မှတ်မိနိုင်ကြပါသည်။

အသားကလည်း မည်းသည့်အပြင် လူကလည်း ပိန်သေးသည်။ အချိန်တိုင်းလိုလို နှပ်တရှုပ်ရှုပ်နှင့် ရှိတတ်ပြီး ထိုနှပ်ရည်များ စီးကျလာသည့် အခါ လျှာနှင့်သပ်၍ စုပ်တတ်သေးသည်။ "ဟဲ့... နို့ဆီတွေကို အဲလောက် စုပ်မနေနဲ့လေ" အစခံရပြန်တော့လည်း ကျွန်မက စိတ်ဆိုးသေးသည်။ သို့ပေမဲ့ နှပ်ညှစ်ဖို့တော့ အင်မတန်ပျင်း၏။ တစ်ခါတလေ လက်အားနေလျှင်တော့ နှပ်ချေးတွေကို ထိုင်ပြီး လုံးနေတတ်ပါသည်။

"အေး... နို့ဆီ စုပ်တာက တော်သေး... သမီး လသားအရွယ် တုန်းက သမီးမေမေက ဈေးရောင်းနေတုန်း သမီးကို ခဏ လှည့်မကြည့်မိဘူး ဖြစ်သွားတာလေ... ဘာပြောကောင်းမလဲ.. ချေးအလူးလူး၊ သေးအလူးလူးနဲ့ ပါးစပ်မှာလည်း အဲဒါတွေ ပေပွလို့ပဲ"

mgyoe.com

mgyoe.com


ဖေဖေသည် ပြောရင်းနှင့် တဟားဟား ရယ်လေသည်။ ကျွန်မ ငယ်ဘဝနှင့် ပတ်သက်လျှင် ဖေဖေ့အတွက် အမှတ်ရဆုံးမှာ ထိုကိစ္စပင် ဖြစ်လိမ့်မည်။ ကျွန်မကမူ မကျေနပ်။ ကိုယ့်ကိုယ်ကိုယ် သူများနှင့်မတူ ထူးခြားသူ ဖြစ်ရမည်ဟု တွေးထင်ထားသမျှ ဖေဖေ ပြောတာနှင့် တခြားစီ ဖြစ်နေလေသည်။ သည်အထဲ အစ်မဖြစ်သူကလည်း "နင့်ကို မြောင်းထဲက ကောက်ရတာ" ဆိုပြီး မီးထိုးသေးသည်။ သည်လို ပြောလျှင် စ နေမှန်း သိသည့်တိုင် အတော်လေး စိတ်ဆိုးမိသည်။ တွေကရာပစ္စည်းနှင့် ကောက် ပေါက်ကာ ရန်စွာတတ်၏။

"မေမေ အာထရာဆောင်း ရိုက်တုန်းက ယောကျ်ားလေးတဲ့၊ မွေး လာတော့ နင် ဖြစ်နေတာ၊ အဲဒါ ဘေးက ခုတင်က ကလေးချင်း လဲသွား တာ နေမှာ"

သူ့စကား ဟုတ်သည်၊ မဟုတ်သည် အပထား၊ ဝမ်းနည်းရသည်က အရင်။

"သူ ပြောတာ ဟုတ်မှာပဲ၊ အဖေအရင်း အမေအရင်းတွေက ငါ့ကို မချစ်လို့ နေမှာ၊ ဒါပေမဲ့ တစ်နေ့နေ့တော့ ငါ့ကို ပြန်လာခေါ်မှာပါ"

သို့နှယ် တောင်တောင်ဤဤ တွေးကာ တစ်ယောက်တည်း ဝမ်းနည်း လိုက်၊ ဖြေသိမ့်လိုက်နှင့် ကိုယ့်ကိုယ်ကိုယ် ရုပ်ရှင်ထဲက မင်းသမီးလို ခံစား ရပြန်သည်။ သည်ဟာက အလကားတော့ မဖြစ်။

"ငါ့အဖေရင်း၊ အမေရင်းက မိုးကုတ်က ကျောက်သူဌေးတွေ… အခုအဖေနဲ့ အမေက မွေးစားမိဘတွေ… ငါ့မှာ အဖေ နှစ်ယောက်၊ အမေ နှစ်ယောက် ရှိတယ်" အစချီပြီး ကစားဖော်တွေကို ပြောပြဖို့ရာ ပုံပြင် တစ်ပုဒ် အဖတ်တင် ကျန်ရစ်ပါသည်။

ကျွန်မ ဆိုသည်ကလည်း စိတ်ကူးယဉ်ဇာတ်လိုက် ဆန်ချင်သည်။ အိမ်မှာဆိုလျှင် မည်သူနှင့်မျှ မတည့်။ အဘွားနှင့် ရန်ဖြစ်လိုက်၊ တစ်နှစ် ရှစ်လသာ ကွာသော အစ်မနှင့် ရန်ဖြစ်လိုက်၊ အမေရိုက်တာ ခံရသဖြင့် စိတ်ဆိုး စိတ်ကောက်လိုက်နှင့်မို့ အဖေရင်း၊ အမေရင်းကို ရှာရန်ဆိုပြီး ပိုက်ဆံ စုသည့် ဇာတ်လမ်းမှာ ငယ်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။

သို့ပေမဲ့ အဘွားနှင့် အမေကို စိတ်ကောက်တိုင်း စုဘူးခွဲပြီး အိမ်ပေါ်

mgyoe.com

mgyee.com


ကနေ ဆင်းလေတော့ ဘယ်သောအခါကမှ ပိုက်ဆံကို မည်မည်ရရ မစုမိခဲ့။ အိမ်ပေါ်က ဆင်းပြီးလျှင် လမ်းထိပ်တွင် ရှမ်းခေါက်ဆွဲ သွားစားတတ်သည်။ ဗိုက်ဝလျှင် အိမ်ပြန်လာကာ အိပ်သည်။ အိပ်ရာက နိုးသည့်အခါ ရိုက်သည့်အကြောင်းကို အစပြန်ကောက်ကာ ငိုသည်။ စားစရာတွေ့လျှင် ထပ်စားသည်။ ပြီးလျှင် အစကနေ ပြန်ငိုသည်။ မောလျှင် အိပ်သည်။ နောက်တစ်နေ့ စိတ်ပြေလျှင် ပိုက်ဆံ ပြန်စုပြန်သည်။ သည်လိုနှင့် သံသရာလည်ပတ်လေသည်။

မေမေသည် ရင်ကဖြစ်သည့် သမီးနှစ်ယောက်လုံး အပေါ်တွင် ချစ်ခြင်းမေတ္တာ တူညီသော်လည်း ကျွန်မကိုတော့ ပို၍ တွယ်တာဟန်ရှိသည်။ မမကို မွေးစဉ်က ရေရှည်ကို မျှော်ပြီး စင်းဂါးအပ်ချုပ်စက်တစ်လုံး ဝယ်ခဲ့သည်။ အငယ်ကိုတော့ သားယောကျ်ားလေးဟု ထင်မှတ်ခဲ့၍ ဆိုင်ကယ်တစ်စီး ကြိုတင်ဝယ်ခဲ့သည်တဲ့။ ၁၉၈၀ နှစ်လွန်ကာလများတွင် သားအတွက် ရည်မှန်း၍ ဥစ္စာစုဆောင်းရာတွင် ဆိုင်ကယ်သည် မေမေ့အတွက် လက်လှမ်းမီရာပစ္စည်း ဖြစ်ခဲ့ဟန်တူသည်။ သားမဟုတ်ဘဲ သမီးလေး ဖြစ်နေပြန်တော့လည်း ဘွားအေ၏မေတ္တာ မရသူဟူ၍ တွေးကာ ကျွန်မအပေါ် ပိုပြီး ကရုဏာသက်ခဲ့သည်။

ကျွန်မနှင့် ဘွားဘွားကလည်း ဘယ်ဘဝက ဘယ်လိုရေစက်ကြောင့်ရယ် မသိ၊ နည်းနည်းမှ မျက်နှာကြော မတည့်ကြချေ။ ဘွားဘွားသည် ကျွန်မနှင့်အပြိုင် ကလေးဆန်သည်၊ ရန်ဖြစ်သည်၊ စိတ်ကောက်သည်။ မြေးအဘွားနှစ်ယောက် ကြည်မှုကြသည်ဟူ၍ မရှိသလောက် ရှားပါသည်။

ကျွန်မအပေါ် ဘွားဘွားက မနှစ်လိုသလောက် မမကတော့ သူ့နှလုံးသည်းပွတ် ဖြစ်လေသည်။ သားအချစ်၊ မြေးအနှစ် ဆိုသလို တစ်ဦးတည်းသော သားက မွေးသည့် မြေးဦးမို့ တုန်နေအောင် ချစ်သည်။ သည်မြေးမကို တစ်ချက်ကလေးမှ အငိုမခံချေ။ ကိုယ်တိုင် ရေမိုးချိုးပေးပြီးနောက် သနပ်ခါး ဖုန်နေအောင် လူးပေးပြီးလျှင် ကျွန်းသေတ္တာကြီးပေါ်တွင် မြေးမကို တင်ကာ ရှေ့တိုးကြည့်လိုက်၊ နောက်ဆုတ်ကြည့်လိုက်နှင့် တပြုံးပြုံး ရှုကြည့်မဆုံး ဖြစ်ကာ ကျေနပ်နေတတ်သည်။ ချွေးစိုလို့ပဲဖြစ်ဖြစ်၊ တစ်ခုခုစားလိုက်လို့ပဲ ဖြစ်ဖြစ် သနပ်ခါး ကွက်သွားလျှင် ဘွားဘွားခမျာ တို့ဖတ်ပဝါပြေးယူပြီး သူ့မြေး

mgyee.com

mgyoe.com

သနပ်ခါး ပျက်သွားသည့် နေရာတွင် ဖုန်ဖုန်မှုန်မှုန်လေးဖြစ်အောင် ပြန်ပြင်ပေးသည်။ ဘွားဘွား၏ အချစ်က အတွက်များသည်။ မိခင်အရင်းနှင့် ညီမအရင်းအပေါ်မှာ သူ့မြေးက သံယောဇဉ်ပိုသွားမှာမျိုးကို မလိုလား။ အိပ်တာကအစ မမနှင့် ဘွားဘွားက တစ်ခန်း၊ ကျွန်မကတော့ မေမေနှင့်သာ အိပ်ရသည်။

အဘွားနှင့် အမေအတွက် ကျွန်မတို့ နာမ်စားသုံးပုံက တစ်မျိုးဖြစ်သည်။ အဘွားကို ဘွားဘွားဟု ခေါ်သည့်အခါလည်း ရှိ၊ သို့မဟုတ် အမေဟု ခေါ်သည်လည်း ရှိရဲ့။ မွေးမိခင်ကိုတော့ မေမေဟုသာ ခေါ်သည်။ ကိုယ့်ကိုယ်ကိုယ်တော့ ကျွန်တော်ဟူ၍ သုံးနှုန်းပြီး ပြောသည်။ 'ကျွန်တော်' ဆိုတာကို မေမေက မကြိုက်လေတော့ တစ်ခါတလေ သတိထားပြီး 'သမီး' ဟု ပြောရပါသည်။

ဘွားဘွားကတော့ သူ့ကို အမေဆိုပြီး ခေါ်သည်ကို ပိုသဘောကျပုံရသည်။ ဘွားဘွား၏ ဘဝတွင် ဖေဖေနှင့် မမကသာ အရေးအကြီးဆုံး။ ဒါဟာ သူ့သားနှင့် သမီးပေါ့။ သည်လူတွေနှင့် သူ့ဘဝက ပြည့်စုံပြီး ဖြစ်လေသည်။ အဘိုးကိုတော့ ဘွားဘွား ချစ်လည်း ချစ်သည်၊ ကြောက်လည်း ကြောက်သည်၊ အထင်လည်း ကြီးသည်။ သို့ပေမဲ့ သားနှင့် မြေးအရေးနှင့် ယှဉ်လာလျှင်မူ 'ဘဘ' ဆိုသည့် ကျွန်မတို့အဘိုးမှာ ဘွားဘွား၏ ဦးစားပေးအဆင့်တွင် ဒုတိယအဆင့်မှာသာ ရှိသည်။ ကျွန်မနှင့် မေမေကတော့ ဘွားဘွား၏ စိတ်ဝင်စားမှု ဧရိယာပြင်ပတွင်သာ ရှိပါလိမ့်မည်။

အဘွား အားကိုးနှင့် မမက အသွေးအမွေးပြောင်သလောက် ကျွန်မကတော့ ညစ်တီးညစ်ပတ်နိုင်သည်။ ဈေးဆိုင်နှင့် အလုပ်ရှုပ်နေလို့ မေမေက ရေမချိုးပေးနိုင်တိုင်း ကျွန်မလည်း အပျင်းထူပြီး ချောင်ခိုတတ်သည်။ တွေ့ကရာသဲပုံထဲလည်း ခေါင်းစိုက်၍ ဆော့တတ်သည်။ အပေါင်းအသင်း စုံလျှင် တီကောင်လည်း တူးတတ်သည်။ ချွေးတလုံးလုံး၊ ဖုန်အလူးလူး၊ ကြေးအထပ်ထပ်နှင့်မို့ မည်းညစ်နေတတ်သည်။ ပြီးလျှင် ဘယ်တော့မှ ခြေဆေး၊ လက်ဆေးပြီး မအိပ်တတ်။

သည်ကြားထဲ မျက်စိတစ်ဖက်က အမြဲလိုလို စွန်နေတတ်သေးသည်။ သည့်အပြင် ရွယ်တူ ကလေးမလေးတွေလို ဆံပင်ကုပ်ဝဲ တခါခါမျိုး ကျွန်မမှာမရှိ၊ ငယ်ငယ်တုန်းက မေမေက အလုပ်ရှုပ်သက်သာအောင် ခေါင်းတုံးတုံး

mgyoe.com

mgyoe.com
SAMPLE BOOK


ပေးထားသဖြင့် အမြဲတစေ ခေါင်းတုံးဆံပင်ပေါက်နှင့်သာ ဖြစ်သည်။ အသက် သုံးနှစ် အရွယ်ခန့်လောက်က အပူကြီး၍ ဦးချိုစောင်းတွင် ခိုဥလုံးခန့် အပူဖုကြီး တဖြည်းဖြည်း ကြီးလာချိန်တွင် ပုခက်ထဲတွင် အငြိမ်မနေဘဲ အဆော့သန်မိ၍ အောက်သို့ပြုတ်ကျရာ ဖုကို ခိုက်မိသည်။ ထိုဒဏ်ရာကို ဆေးခန်းတွင် ခွဲစိတ်ရသည်။ သို့နှင့် ထိုချိုစောင်းတွင် သေရာပါ အမာရွတ်မှာ ထင်းထင်း ပေါ်လျက်ရှိသေးသည်။ လူက စုတ်ချွန်းချွန်း၊ ငယ်နာမည်က "ပလွေရိုး" တို့၊ "မည်းပိန်မ" တို့ ဖြစ်နေပေမယ့် အင်မတန် လှချင်သည်။

တကယ်တော့ အကျည်းတန် အလှကြိုက် ဆိုသလိုပါပဲ။ စာကလေး ခေါင်းလို အမွေးကျိုးတိုးကျဲတဲ ခေါင်းသေးသေးလေးပေါ်တွင် ကျွန်မက စံပယ်ပန်း၊ ခရေပန်းကို ခွေချင်သေးသည်။ မေမေ သွားသမျှ အလှူ၊ မင်္ဂလာဆောင်ကို လိုက်ချင်သည်။ ရိုးရိုး လိုက်ချင်တာ မဟုတ်။ လူကြီးတွေ လို ရွှေအပြည့်၊ စိန်အပြည့် ဝတ်ချင်သည်။ မေမေက ကျေနပ်အောင် ကလေးဆွဲ ပုလဲပုတီးလေးတွေ ရောင်စုံ ဝယ်ပေးထားသည်။ တကယ့်အစစ်ထင်ပြီး ကျွန်မမှာ ဒီပုလဲဆွဲကြိုးတွေကို လူမမြင်အောင် ဖာတောင်းထဲမှာ ဝှက်ရတာက အလုပ်တစ်ခု။ ဒါတင်မက အပျိုမတွေလို ဗယားအိတ်(ပိုက်ဆံအိတ်) လွယ်ချင် သေးသည်။

တစ်နေ့တော့ ဆိုင်ကို သားရေပိုက်ဆံအိတ် လာဝယ်သူ တစ်ဦးက ဇစ်ပျက်နေသည့် သူ့ပိုက်ဆံအိတ်အဟောင်းကို ထားရစ်ခဲ့သည်။ မေမေက ဇစ်ပျက်နေရာကို အပ်ချိတ်နှင့်တွယ်ပြီး ကျွန်မကို ပေးပါသည်။ အဲသည် ဇစ်ပျက်ပိုက်ဆံအိတ်ကိုပင် မြတ်မြတ်နိုးနိုး ရှိခဲ့မိသည်။ ပိုက်ဆံအိတ် ထဲမှာ ပိုလိုကားချပ်တွေ၊ ထီလက်မှတ်အဟောင်းတွေ၊ သာမညတောင် ဆရာတော်ဘုရားကြီး ပုံတော်နှင့် ရင်ထိုးတစ်ခု ထည့်ပြီး သိမ်းထားသည်။ အိမ်မှာ ဧည့်သည်လာလို့ မေမြို့တို့၊ စစ်ကိုင်းတို့ လိုက်ပို့လျှင်လည်း ကျွန်မမှာ အဲသည် ဗယားအိတ်ကြီး တကားကားနှင့် လူကြီးလို ဟန်ထုတ်ရပါသည်။ မီးရေး ထင်းရေး လန့်ပြီဆိုလျှင်လည်း ကျွန်မ ပိုင်ဆိုင်သည့် ဖာတောင်းကြီး ရယ်၊ ဗယားအိတ်ရယ်၊ စဘူးရယ်ကို ပြေးပိုက်ရပါသည်။

မေမေကတော့ ကျွန်မ အလှအပ ကြိုက်လွန်းတာကို သိပ်သဘော မတွေ့လှ။ သမီးတွေကို ပညာသာလျှင် ထူးချွန်စေချင်သည်။ ခက်တာက

mgyoe.com

mgyoe.com


ကျွန်မက အင်မတန်သွေးဆိုးသည်။ ပေကတ်ကတ်နိုင်သည်။ မူကြိုကိုလည်း ပို့မရ၊ ကျောင်းကို ဇွတ်ပို့လျှင် မြေပြင်တွင် လူးလိမ့်ပြီး ငိုတတ်သည်။ အဆဲလည်း သန်သည်။ နောက်တော့ မိဘတွေကလည်း အလုပ်ရှုပ်ခံပြီး ကျွန်မကို မူကြိုမထားတော့ချေ။ ကျွန်မက ကျောင်းသာ မသွားချင်တာ၊ ကျောင်းကပွဲအတွက် မမက ဝတ်ကောင်းစားလှ ဝတ်ပြီး သွားလျှင်တော့ လိုက်ချင်သည်။ အစ်မကိုရော၊ အဘွားကိုရော မျက်နှာချိုသွေးရသည်။ သို့ပေမဲ့ ဘွားဘွားကတော့ ''ညည်းနဲ့ ဘာဆိုင်လို့လဲ၊ ငါ့မြေး သူ့ဟာသူလေး လှနေတာကို ကတ်တီးကတ်ဖဲ့ လုပ်ပြန်ပြီ'' ဆိုပြီး ကျွန်မကို မာန်တတ်သည်။

ဘေးပတ်ဝန်းကျင်က ကျွန်မနှင့်ပတ်သက်ပြီး မေမေ့ကို ''ကလေးမို့ ဂျီကျနေတာ၊ နောက်တော့ သူ့ဟာနဲ့သူ ဖြစ်သွားမှာပေါ့'' ဆိုကာ ဖျောင်းဖျသူက ဖျောင်းဖျသည်။ ရည်မှန်းချက်ကြီးပြီး အစိုးရိမ်ကြီးတတ်သည့် မေမေကတော့ ကျွန်မအတွက် ပူပန်မြဲ ပူပန်သည်။ သူငယ်တန်း အတန်းစာကို သူကိုယ်တိုင် အိမ်မှာ ကြိုပြီး သင်ပေးပြန်တော့လည်း ကျွန်မက စိတ်မဝင်စားလှ။

''ဒီအရွယ်နဲ့ သူ ဘာဝါသနာပါတယ် ဆိုတာ သိနိုင်မှာ မဟုတ်သေးဘူးလေ… သူ့ရှေ့ရေးတွေ ဘာတွေ အများကြီး ကြိုမစဉ်းစားပါနဲ့ဦး''

ဖေဖေ့ရဲ့ သည်လို ကြားဝင်စကားသံကိုလည်း မေမေ လက်မခံတတ်ပါ။

''ဘီး သမီးနှစ်ယောက်လုံး ပညာရေးမှာ နံပါတ်တစ် ဖြစ်ရမယ်''

တဲ့။ ဒါက မေမေ့ကြွေးကြော်သံ၊ မေမေ့ရည်မှန်းချက်။

အနာဂတ်အရေး ဆိုတာနှင့် ပတ်သက်လျှင် ဘဘကတော့ ရိုးရာအစဉ်အလာတစ်ခုကို ကျွန်မတို့အတွက် လုပ်ပေးပါသည်။ ထိုသည်က ဘဝတစ်သက်တာလုံးအတွက် ဆောင်ထားရမည့် ဇာတာတဲ့။ မန္တလေး မဟာမုနိဘုရား၊ တောင်ဘက် စောင်းတန်းက အသိဗေဒင်ဆရာ တစ်ဦးဆီမှာ မြေးနှစ်ယောက်လုံးအတွက် ထန်းဖူးဇာတာ လုပ်ပေးပါသည်။

''ဇေယျတု သာသနာတော်နှစ် ၂၅၂၈၊ သက္ကရာဇ် ၁၃၄၆၊ ဒီဃနှစ်ကြွင်း ၂၄၆ ရဿရဝိဖုဋ္ဌ မိဿရာသီဝေါဟာရ မာသတန်ခူးလပြည့်ကျော် ၁၄ ရက်၊ ၁၉၈၄ ခု ဧပြီ ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၃ နာရီ ၅၅ မိနစ် မြန်မာပဟိုရ် ညည့် ၃ ချက်တီးကျော်၊ ၂ နာရီ ၃ ပါဒ် ၂

mgyoe.com

mgyee.com  SAMPLE BOOK 

ဗိဇနှာ ၃ပြန် ခရာပြည့် မိန်ရာသီလင်၊ မိန်ရာသီစန်း၊ တနင်္လာဟော ရတ်၊ တနင်္လာတုရင်း၊ သောကြာနဝင်း လင်္ဂစီးနက္ခတ် ၂၅ လုံး၊ ၂ ပါဒ် ၁၄ ဃဋီ၊ ၁၃ ဝိဃဋီ၊ ၃၉ အနုလဋီထက် လင်္ဂစီးလျက် ထိုနာရီ၏ မွန်းတည့် နက္ခတ်သော်ကား ပြုပွသန် နက္ခတ် ၂၅၃၊ အသာ ၄၉ လိတ္တာတွင် ရတနာ သုံးပါး ဦးထိပ်ထား၍ သတို့သမီးကို မာတာမိခင် ဖွားသန့်စင်သည် နာမံ အေးလဲ့လဲ့မူ တြိစက္ကဖွဲ့ဇာတာ အာယု ၁၂၀ ရှည်စေသော်ဝ်'' ဟူသော စာသားလေးသည် ဇာတာပေလွှာပေါ်တွင် ထင်းထင်းပေါ်နေ၏။

မာတာမိခင်က ဇာတာကို တကိုင်ကိုင်နှင့် သမီးငယ်၏ ရှေ့အလား အလာကို စိတ်ဝင်စားနေသော်လည်း ကျွန်မကတော့ ဇာတာထဲက နာမည် ကိုသာ စိတ်ရောက်နေခဲ့သည်။

ကျွန်မ၏ ဇာတာအမည်က အေးလဲ့လဲ့မူ ဆိုပဲ။ သည်နာမည်ကို မကြိုက်လှ။ မသိလျှင် ရုပ်ရှင်မင်းသမီး နွဲ့နွဲ့မူနှင့် အမျိုးလိုလို တွေးစရာ ဖြစ်သည်။ ကျွန်မ ဆဋ္ဌမတန်းရောက်ချိန်တွင် ဘောလုံးသမား မျိုးလှိုင်ဝင်း နာမည်ကြီးလာတော့ သူ့ကိုတုပြီး အေးလှိုင်ဝင်းဟူ၍ ကိုယ့်ဘာသာ နာမည် ပြောင်းသေးသည်။ ထိုနာမည်သည်လည်း မတွင်ပြန်ချေ။

ငယ်ငယ်တုန်းကတော့ နာမည်ပြောင်းတမ်း ကစားနည်းကို မကြာ မကြာ ကစားဖြစ်သည်။ ကျွန်မ ကျောင်းနေတော့ အတန်းထဲက သူငယ်ချင်း မိုးမမျိုးကို အားကျပြီး 'ဝင်းပပမျိုး' ဆိုပြီး ပြောင်းလိုက်၊ ပဉ္စမတန်းရောက် တော့ ဆရာကြီးမင်းသိခ်၏ 'မနောမယ မြသက်လယ်' ကို ဖတ်ပြီး ကိုယ့် ဘာသာ တွက်ချက်ပြီး 'အားအင်သွေး' တို့၊ 'အားအင်သစ်'တို့ ပြောင်း လိုက်နှင့် ခဏခဏ နာမည်ပြောင်းသည်။

''ငါ့ နာမည် အားအင်သစ် ဖြစ်သွားပြီ၊ အဲ့ဒီအတိုင်းပဲ ခေါ်ကြတော့''

သူငယ်ချင်းတွေကလည်း ပြီးပြီးရော ''အေး..အေး'' ဆိုပြီး ကျွန်မကို အလိုလိုက်ကြပါသည်။ အလိုမလိုက်လို့လည်း မဖြစ်၊ နာမည် တစ်ခါပြောင်းတိုင်း မေမေ့ဈေးဆိုင်ထဲက ချိုချဉ်တွေကို သူမသိအောင် ယူလာပြီး နာမည်ပြောင်းပွဲ ကျင်းပသည်ကိုး။ ကြာတော့ ခဏခဏ နာမည် ပြောင်းလွန်း၍ သူငယ်ချင်းတွေမှာ မျက်စိလည်ပြီး ကျွန်မကို မည်သို့ ခေါ်ရ မှန်းပင် မသိကြတော့ပေ။ ကျွန်မ ဒုက္ခပေးပုံက သူငယ်ချင်းတွေတင်

mgyee.com

mgyoe.com  SAMPLE BOOK 

မဟုတ်၊ ရွာက ဆွေမျိုးတွေကိုပါ နာမည်အသစ်ကို အသိအမှတ်ပြုအောင် လုပ်ရသေးသည်။

"သို့... မချို... သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ ကျွန်တော် နာမည်ပြောင်းလိုက်တဲ့အကြောင်း မချို၊ မမဝင်းမာနဲ့ အမေသန်းစိန် တို့ကို ပြောပြချင်ပါတယ်"

သို့ကလို အစချီကာ အဘိုးဘက်က တော်စပ်ရသော အရာတော်က အစ်မသုံးဝမ်းကွဲများထံသို့ စာရေးပါသည်။

"ဘဘ... မချိုတို့ကို ဒီစာ ပို့ပေးနော်"

ကျွန်မ ပူဆာတိုင်း ဘဘဟာ ငြင်းလည်း မငြင်း၊ ပို့လည်း မပို့ပေးဘဲ စာတွေကိုသာ သိမ်းထားပါသည်။ ကျွန်မ ကြီးလာတော့မှသာ "ညည်း ငယ်ငယ်ကလေ...." ဘယ်ပုံဘယ်ညာ ဇာတ်စုံခင်းပြီး ရယ်ကြသည်။ ကျွန်မ လည်း ရှက်ရှက်နှင့် ရယ်ရတာပါပဲ။

ပလွေရိုးဟာ ငယ်ငယ်က နည်းနည်းမျှ မလိမ္မာခဲ့၊ စကား နားမထောင် ဘဲ ဂျစ်ကန်ကန် ရှိခဲ့သော်လည်း ဘိုးအေလုပ်ပေးထားသည့် ဇာတာကိုတော့ တရိုတသေ ရှိခဲ့သည်။ ဘဘ ပြောပုံအရ ကျွန်မဟာ ထန်းဖူးဇာတာကို အတော်လေး တသသ လုပ်တတ်သတဲ့။ ရွှေဝါရောင် ပေါက်နေပြီးသား ဇာတာ ကို ပိုပြီး အရောင်တောက်အောင် ဆီနှင့် နနွင်းရောပြီး လူးပေးပါ ဆိုသည့် ဗေဒင်ဆရာ၏ အမှာစကားကိုလည်း အင်မတန် အရေးတယူ ရှိသတဲ့။ ဒါကလည်း အကြောင်းရှိပါသည်။ ကံအညွှ့ပျောက်အောင် ဇာတာကို တရိုတသေ ရှိရမည်ဆိုပြီး လူကြီးတွေက ခြောက်လှန့်ထားသည်ကိုး။ "ဇာတာ မြင့်ရင် ကံမြင့်မယ်"ဆိုသည့် စကားအပေါ်မှာလည်း အကောက်အယူ လွဲပြီး အမှတ်ကြီးမိခဲ့သည်။

မှတ်မိပါသေးတော့သည်။ ဇာတာသွားယူသည့်နေ့က ဘဘနှင့် အတူ ကျွန်မပါ လိုက်သွားခဲ့သည်။ ဇာတာထဲမှာ ဖော်ပြထားသလို ဆိုရင်တော့ ကျွန်မဟာ မိန်ရာသီလဂ်၊ မိန်ရာသီစန်း၊ တနင်္ဂနွေနှင့် စနေ ဥစ် ရပြီး ကြာသပတေး ကသမ်ရထားသည့် အထွန်းဘွား သမီးကညာ တစ်ပါးပေါ့။ တိုးတက်ကြီးပွားမည့်သူဟု ပုဏ္ဏားက ဟောပေးသဖြင့် ဘဘ ခေါင်းတဆတ်

mgyoe.com

mgyoe.com SAMPLE BOOK


ဆတ်နှင့် ကျေနပ်လေသည်။ သို့သော် ခြွင်းချက်ကြီးတစ်ခုလည်း ပါရှိခဲ့သည်တဲ့လေ။

ဟောချက်ကို အလုံးစုံအပြီးသတ် ကောက်ချက်မချခင်တွင် "ကလေးမလေး လက္ခဏာလည်း ကြည့်ပါဦးမယ်" ဟု ပုရောဟိတ်က ဆိုလေသည်။ ဇာတာနှင့် လက္ခဏာ နှစ်ခုကို ပေါင်း၍ စစ်ပြီးနောက်တွင် စိုးရိမ်စရာစကားတစ်ခုကိုတော့ သတိထားနှင့်ရအောင် ပြောလေသည်။

သည်စကားကို ကျွန်မ နားထဲက မထွက်။ နောင် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ထိုစကားသည် အသည်းတွင် သံမှိုနှက်သကဲ့သို့ စွဲထင်ကျန်ရစ်သည်။

"ကလေးမလေးရဲ့ မူလဇာတာအရ အကောင်းလည်း ရှိပါတယ်... ဒါပေမဲ့ သတိထားရမှာက မိစုံဖစုံနဲ့ ကြာရှည်နေရမယ့်သူ မဟုတ်ဘူး"

ဇာတာ၏ အဓိပ္ပာယ်ကို ကောင်းကောင်းမသိသော်လည်း ဗေဒင်ဆိုတာ ရှေ့ဖြစ်အဟောဟု အကြမ်းဖျမ်း သဘောပေါက်မိသဖြင့် မိစုံဖစုံနှင့် ကြာရှည်မနေရ ဆိုသည့် စကားမှာ အကောင်းမဟုတ်ကြောင်း အလိုလိုခံစားမိသည်။ တစ်ဆက်တည်းမှာပင် ဗေဒင်ဆရာဆီကို မလာမီ နှစ်ပတ်ကျော်လောက်က အဖြစ်အပျက်ကိုလည်း ရုတ်ခြည်းပင် သတိရလိုက်မိသည်။ ကျွန်မရဲ့ လက်လွန်မှုများ။

သည်တုန်းက ကျွန်မတို့ အိမ်က ဧည့်ခန်းထဲက ဆက်တီခုံ တစ်လုံး၏ အောက်ခြေတွင် နကျယ်ကောင်လေးတွေ အသိုက်လာဖွဲ့ကြသည်။ နကျယ်ကောင်လေးတွေသည် ရွှံ့ခဲဖြင့် မံထားသလို ဖြစ်နေသော သူတို့ ဂေဟာထဲသို့ အပေါက်သေးသေးလေးမှ ဝင်စို့ ထွက်စို့ဖြင့် အလုပ်ရှုပ်နေကြသည်။ သည်အကောင်လေးတွေကို မေမေက အရင်တွေ့သည်။ အထူးအဆန်းအဖြစ် သမီးဖြစ်သူကို ခေါ်ပြခဲ့သည်။

"အဲဒါ နကျယ်ကောင်လေးတွေရဲ့ အိမ်ပေါ့... ကြည့်စမ်း သမီး"

အစပိုင်းမှာတော့ ကျွန်မ ငြိမ်ငြိမ်ဆိမ်ဆိမ် ကြည့်ပါသေးသည်။ နောက်တော့ ကြည့်နေရင်းမှာပင် စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။ တစ်ခုခုလုပ်ချင်လာသည်။ ဖြစ်ချင်တော့ နကျယ်ကောင်လေ့လာရေး လုပ်နေတုန်းမှာပဲဆိုင်ကို ဈေးဝယ်လာပါသည်။ မေမေ ဈေးထရောင်းနေချိန်ကို အခွင့်ကောင်း

mgyoe.com

mgyoe.com


ယူပြီး ကျွန်မမှာ ဘေးနားက အုတ်ခဲကျိုးနှင့် အကောင်လေးတွေကိုရော၊ မြေခဲနှင့် မံထားသည့် သူတို့အိမ်ကိုပါ အားပါးတရ မွမွကြေအောင် ထုပစ်ခဲ့သည်။ မေမေ ပြန်ရောက်လာတော့ မိနစ်ပိုင်းအတွင်း အသက်နှင့် ခန္ဓာ အိုးစားကွဲသွားသော နကျယ်လေးတွေကို ကြည့်ပြီး ကျွန်မကို အတော်လေး ဆူသည်။

"ဘာလို့ လုပ်ရတာလဲ… သမီး ငရဲကြီးမယ်… ဝဋ်လည်မယ်"

ဝဋ်လည်ခြင်း၏ အနက်ကို ကောင်းကောင်း ရိပ်စားမိနိုင်သည့် အရွယ် မဟုတ်သေးချိန်မို့ မသိသော်လည်း ငရဲကြီးမည် ဆိုခြင်းကိုတော့ ကျွန်မ နားလည်ပါ၏။ နကျယ် အသေကောင်လေးများနှင့် ကြေမွသွားသော သူတို့အသိုက်ကို ကြည့်ကာ ကျောထဲ စိမ့်သွားသလိုလို၊ ငိုချင်သလိုလို တစ်ခဏတော့ ဖြစ်သွားသေးသည်။ သည်စိတ်မလုံခြုံမှုဟာ ဗေဒင်အဟော ကြောင့် ပြန်လည်လူးလွန့်လာသည်။ ဒါသည်ပင်လျှင် ဘဝခရီးရှည်အတွက် မှော်ဆရာ၏ တပ်လှန့်သံ ဖြစ်ခဲ့သည်လား မဆိုနိုင်ချေ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# (၄)

# လွမ်းလိုက်တာ ဘွားဘွားရယ်

"ဗေဒင်ဟောတာများအေး၊ အဲဒီလောက် စိတ်ထဲ ထားမနေနဲ့… စိတ်ရင်းကောင်းဖို့က အဓိကပဲ.. ငါ့ ကြည့်ပါလား… ထန်းတောထဲပဲ ကြီးရမယ် မှတ်တာ၊ ဟော… စိတ်ရင်းကောင်းတော့ ကြီးလာတော့ စက်ပိုင်ကတော် ဖြစ်တာပဲ"

ဘွားဘွား၏ စကားမှာ ကျွန်မကို အားပေးနေတာလား၊ ဆုံးမနေတာလား မကွဲပြားပါ။ သို့ပေမဲ့ သူ့ကိုယ်သူ ပြန်ညွှန်းနေတာလေးကတော့ သိသာသည်။

"စက်ပိုင်ကတော်တော့ မဖြစ်ချင်ပါဘူး… စက်ဆိုတာ ပြည်သူတွေ အပိုင်သိမ်းလို့ ရတယ်လို့ ဘဘက ပြောတယ်"

"ပြည်သူတွေ အပိုင်သိမ်းတာ မဟုတ်ပါဘူး.. ပြည်သူပိုင် သိမ်းတာပါ"

"အင်း… ဟုတ်တယ်… ပြည်သူပိုင် သိမ်းတာ.. စက်ပိုင်လုပ်မယ့် အစား ကိုယ့်ဘာသာ ငွေထုတ်တဲ့ စက်ပဲ တီထွင်မှာပေါ့ … မဟုတ်ရင် စားပွဲထိုး လုပ်မယ်လေ"

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မတို့ ငယ်စဉ်က ၁၉၉၀ ပြည့်နှစ် အစောပိုင်းတွင် မန္တလေးမှာ အမျိုးသမီးငယ်လေးတွေကို စားပွဲထိုးအဖြစ် အလုပ်ခန့်သည့်ခေတ် ရှိခဲ့ဖူးသည်။ လုတပတ ဝတ်စားရသော သူတို့ကို ကြည့်ပြီး ကျွန်မလည်း အားကျမိရာ အားကျလေသည်။ ငွေစက် တီထွင်မည် ဆိုတာကို ကြားတော့ ဘွားဘွားက ကျွန်မကို "သေချာပါတယ်… ညည်းကတော့ ထောင်ကဲ ဖြစ်မှာပဲ" တဲ့။ ထောင်ကဲဆိုသည်ကို ကျွန်မက နားမလည်၍ မေးမိတော့ "ထောင်မှာပဲ ကဲ… နေရမှာမို့… ထောင်ကဲလို့ ပြောတာ" တဲ့လေ။

ဘွားဘွားနှင့် ကျွန်မ မတည့်ချင်လည်း မတည့်စရာပင်။ သူက ရှေးရိုးဆန်သည်။ ကျွန်မက ဗရွတ်ရွတ်တ အင်မတန်ပြောသည်။ သည်တော့ သူက သိပ်မကြည်။

ဘွားဘွားသည် ရွာဘုန်းကြီးကျောင်းတွင် သင်ပုန်းကြီး အောင်ရုံသာ တက်ဖူးသည်။ သူတို့ညီအစ်မ သုံးယောက်ထဲမှာ သူက အငယ်ဆုံး။ မိဘတွေက ထန်းတောင်သူ ဖြစ်သည်။ သူ ငယ်ငယ်က ကိုယ်တိုင်ကလည်း စိတ်မပါ၊ မိဘတွေကလည်း ချစ်လွန်းလို့ဆိုပြီး ကျောင်းမလွှတ်ခဲ့သဖြင့် စာလည်း ကောင်းကောင်း မသင်ခဲ့ရချေ။ သို့ပေမဲ့ အိမ်မှာ အငယ်ဆုံး ဖြစ်တာ၊ ဂျစ်တစ်တစ် နိုင်တတ်တာတွေမှာတော့ ကျွန်မနှင့် တူလေသည်။ သူ့ကိုယ်သူ အချောဆုံး၊ အလှဆုံး၊ အတော်ဆုံးဟု ထင်တတ်သည်မှာလည်း သူ့မြေးအငယ်မနှင့် တထေရာတည်း။

"အစ်မတွေက မသန်းရှင်၊ မသန်းရင် ဖြစ်ပြီး အမေ့ကျမှ နာမည်က ဘာလို့ မတင်ညွန့် ဖြစ်ရတာလဲ"

ကျွန်မတို့က ထိုသို့မေးလျှင် "ငါက အချောဆုံးမို့ပေါ့အေ့" ဟု အားရပါးရ ဖြေတတ်သည်။ မည်သို့ သက်ဆိုင်သလဲ မသိပါ။

"အဖေတို့၊ အမေတို့ သေကြတော့ ယာကွက်တွေကို ညီအစ်မ တစ်တွေကို ခွဲပေးကြပါရောလား… မမကြီး၊ မမလေးလည်း သူ့ဟာနဲ့ သူ ရကြပါရဲ့… ငါက မတောင်းပါဘူး… ဒါပေသိ ကံက ထိုက်တော့ ငါ့လည်း ပေးကြတယ်… အဲ့ဒီမှာ ငါတို့ ဘကြီးက ဘာပြောလဲဆိုရင် မမကြီး၊ မမလေးတို့ အကွက်ထက် ငါ့အကွက်က ပိုကောင်းတယ်တဲ့… ဒီအငယ်ဆုံးမလေးဟာ

mgyoe.com

mgyoe.com SAMPLE BOOK


အချောဆုံး၊ အလိမ္မာဆုံးလေးမို့ ဒီလိုအကွက်ကောင်းကို ရတာလို့ ခဏ ခဏ ပြောတယ်''

သူ့ဘကြီးက သူ့ကို တကယ်ပဲ ခဏခဏ ပြောခဲ့၊ မပြောခဲ့ ကျွန်မတို့ မသိနိုင်ပါ။ သို့ပေမဲ့ ဘွားဘွားကတော့ အဲသည်စကားကို ကျွန်မတို့ကို ကြုံတိုင်း ခဏခဏ ပြောပါသည်။ ကြာတော့ ''ငါ့ဘကြီးက ဘာပြောလဲဆိုရင်…'' ဟူ၍ သူက စကားစရုံရှိသေး ကျွန်မတို့က ''ဒီကောင်မလေး အငယ်ဆုံးမလေး ဟာ အချောဆုံး၊ အလိမ္မာဆုံးလေးလို့ ပြောတယ်လေ'' ဆိုပြီး ရှေ့ကနေ ကြိုပြီး ပြောတတ်သည်။ ဒါကို သူ မကျေနပ်။ ''အော်ဝမ်းကျမတွေ… ငါ ပြောမှာကို ညည်းတို့ သိနေကြတယ် ဟုတ်လား''

ထိုအခါတိုင်း သူ့ဆီကနေ မျက်စောင်းလဲ့လဲ့နှင့်အတူ ''အော်ဝမ်း ကျမ'' ဟူသော ဒေသိယျအဆဲစကားလုံးလေးကို ကြားရစမြဲ။

''အဲဒါကြောင့် ပြောတာ… ညည်းက ညည်းအဘွားနဲ့ တူတာ… မတင်ညွှန့်လို ကိုယ့်ကိုယ်ကိုယ် ချောတယ်၊ တော်တယ် ထင်တာတွေ တစ်ပုံစံတည်း''

''အလိုတော်… အဲ့ဒီဟာမလေးတော့ ကျုပ်နဲ့ လာမတူခိုင်းပါနဲ့''

တစ်ခါတလေ ဘဘက ဘွားဘွား မကြိုက်မှန်း သိသိကြီးနှင့် မခံ ချင်အောင် ပြောတတ်သေးသည်။ သည်လိုအခါတိုင်း ဘွားဘွားကလည်း ပက်ခနဲ ခွန်းတုံ့ပြန်တတ်သည်။ ကျွန်မနှင့် အဲသလောက်အထိကို အစေးကပ် သူရယ်ပါ။ ဘွားဘွား မကြည်ဖြူတာလည်း မပြောနှင့်တော့။ သူ၏ အစဉ် အလာ အစွဲအလမ်းမှန်သမျှ ကျွန်မက အတော်လေး အနှောင့်အယှက်ပြုလေ တော့ မျက်မှန်းကျိုးမယ် ဆိုရင်လည်း ကျိုးချင်စရာ။ သည်အထဲတွင် အိမ်တွင်း နတ်အုန်းဆွဲသည့် အကြောင်းလည်း ပါလေသည်။

ကျွန်မတို့ အိမ်အပေါ်ထပ် အရှေ့တောင်ထောင့်တွင် အိမ်တွင်း နတ်စင် ရှိပါသည်။ ဘွားဘွားက အိမ်တွင်း မင်းမဟာဂီရိကို ပူဇော်တတ်သည်။ နတ်ကွန်းကို ကတ္တီပါအနီစဖြင့် အမြဲကာထားတတ်သည်။ ကျွန်မကလည်း ကတ္တီပါစ၏ နောက်ကွယ်တွင် မည်သည့်အရာရှိသလဲ ဆိုတာကို အင်မတန် သိချင်သည်။

''အစကို သွားမလှပ်နဲ့နော်… ညည်းကို နတ်ကိုင်လိမ့်မယ်''

mgyoe.com

mgyoe.com

ဘွားအေက ခြောက်လှန့်ထားလို့သာ၊ စပ်စုချင်စိတ်ကို မနည်းအောင့်အည်းထားရသည်။ လူကတော့ မရိုးမရွ ဖြစ်လှပြီ။ နတ်စင်အောက်မှာတော့ စားပွဲအပုလေး တစ်လုံး ရှိပြီး သူ့အပေါ်တွင် အင်တုံတစ်လုံး တင်ထားသည်။ အင်တုံထဲတွင်မူ ဘွားဘွား ဆက်သထားသည့် ဒေါနု၊ နှင်းဆီ၊ သပြေခက်တို့မှာ တလူလူ ကြော့ဝေနေလေသည်။ ဝါတွင်း၊ ဝါထွက် ဆိုလျှင်တော့ ငှက်ပျောသီးတွေ၊ လက်ဖက်တွေပါ ဆက်သတတ်သည်။ ကျွန်မတို့တစ်မိသားစုလုံးတွင် အိမ်တွင်းနတ် ကိုးကွယ်သူဟူ၍ ဘွားဘွား တစ်ယောက်သာ ရှိပါသည်။ သူ့ယုံကြည်မှုနှင့်သူမို့ ကျန်တဲ့သူများကလည်း မကန့်ကွက်ကြပါ။

တစ်ခုသော ဝါအထွက်မှာ နတ်အုန်းလဲတာ ကျွန်မနှင့် ကြုံလေသည်။ ဘွားဘွားက မြေးမပလွေရိုး ရှိနေတာကို မေ့ပြီး ကတ္တီပါအနီစကို ဖယ်လိုက်သည်။ သည်အခါ သူ့နတ်အုန်းကြီးက ဖုံးမရ၊ ဖိမရ ဘွားဘွားကြီးပေါ်လာသည်။

"ဟင်… အုန်းသီးကြီး… ဘာနတ်မှလဲ မရှိဘူးနော် ဘွားဘွား"

"ဟဲ့… ဒါက ရိုးရိုးအုန်းသီး မဟုတ်ဘူး… နတ်အုန်းသီး… မတော်မရော် မလုပ်နဲ့… နတ်ကိုများ ဘာမှတ်နေတုံး… စစရာ နောက်စရာမဟုတ်ဘူး"

မထူးတော့ပြီမို့ အုန်းသီးမှန်း ဝန်ခံရတာတောင် ဘွားဘွားသည် လေမလျှော့၊ မှင်သေသေနှင့် ကျွန်မကို ခြောက်သေးသည်။ ကျွန်မကတော့ အုန်းသီးမှန်း သိသွားကတည်းက အရင်လောက် မကြောက်တော့။ အဲသည်ကတည်းက နတ်တင်ထားသည့် ငှက်ပျောသီး ဆိုလျှင်လည်း မစွန့်မီကတည်းက ခိုးစားတတ်သည်။ လက်ဖက်ကိုလည်း နှိုက်တတ်လာသည်။ နတ်တင်သည့် လက်ဖက်မှာ လက်ဖက်အသားချည်းမို့ ခပ်ဖန်ဖန်ရှိသည်။ အဆာပလာမပါ၊ ဆီစိမ်းသတ်သတ် ဆမ်း၍ နှမ်းလေးဖြူးရုံသာ ရှိသည်။ ထိုခါးသက်သက် လက်ဖက်ကိုပင် မကြိုက်ဘဲနှင့် နှိုက်နှိုက်စားကာ ပြန်ထွေးပစ်တတ်သည်။ ဘယ်လိုအကျင့်ရယ်တော့ မသိ၊ မလုပ်ရန် တားမြစ်ထားလျှင် လုပ်ချင်နေတာမျိုးပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK


သည့်အပြင် ဘွားဘွား ငြိမ်နေပြန်လျှင်လည်း ကျွန်မ မနေတတ်၊ ဘွားအေ၏ အဆူအဆဲ အသံကြားမှ ဘဝက ပြည့်စုံသလိုလို ရှိသည်။ ဘွားဘွား မသိအောင် လုပ်ရတာ၊ ဘွားဘွား စိတ်ဆိုးတာကိုပဲ ကျွန်မမှာ ပျော်ရသည်။ သည်လိုနှင့် ဘွားအေကို အတိုက်အခံလုပ်ပြီး တို့ကနန်း ဆိတ်ကနန်း စနောက်မိပါသည်။

တစ်ခါသားမှာတော့ အသုဘချတမ်း ကစားသဖြင့် အရိုက်ခံရဖူး သည်။ ညနေ နေဝင်ရီတရောအချိန်တွင် မီးဖိုချောင်ထဲမှာ ပိုးဟပ်အသေ တစ်ကောင် တွေ့ရာကနေ ဇာတ်လမ်းစပါသည်။ ပိုးဟပ်သေကို ယူလာပြီး ဖေဖေနှင့် မေမေတို့၏ ခုတင်ပေါ်မှာ တင်သည်။ ပြီးနောက် အိမ်ဘေး ပတ်လည်မှာ အလေ့ကျပေါက်နေသည့် ပန်းတွေကို ခူးလာပြီး ပိုးဟပ်သေ ပေါ်မှာ ဖြန့်ကြဲပေးထားသည်။ ခုတင်တိုင်ကိုလည်း ဖဲကြိုးတွေနှင့် ချည်လို့ ချည်ပေါ့။ တစ်အောင့်ကြာတော့ ပိုးဟပ်အသေကို အသုဘ ယပ်တောင် တစ်ခုအပေါ်မှာ တင်ပြီး သမ္မာန္တွဲ ကိုးခေါက် ရွတ်ကာ အိမ်ကိုပတ်ပြီး အသုဘ ချကြပါသည်။ မြောက်ဘက် ဝင်းထရံဘေးမှာ မြှုပ်ခဲ့ပြီး 'ပိုးဟပ်လေး ဖိုးဖြူ၊ အသက် (၁) ရက်' ဆိုပြီးတောင် သေသေချာချာလေး မှတ်တိုင်စိုက်ထူ ပေးခဲ့သေးသည်။

ကျွန်မတို့ ဘာတွေ လုပ်နေသည် ဆိုတာကို ဘွားဘွား မသိ၊ ပန်းတွေ ကြဲလိုက်၊ ဖဲကြိုးတွေ ချည်လိုက်ဆိုတော့ သူ စိတ်ဝင်စားပုံရသည်။

"ညည်းတို့ အဖေနဲ့ အမေနဲ့ မင်္ဂလာဆောင်ပြီးတာပဲ ကြာကြာ လှပြီ... ဘာလဲ ဖဲကြိုးတွေနဲ့.. အဲဒါ ဘာအရူးထတာလဲ"

ကျွန်မတို့ ညီအစ်မနှစ်ယောက်ကလည်း အရူးထသည်ဟု ပြောတာ တော့ မခံနိုင်။ သည်တော့ ဖိုးဖြူနှင့် ပတ်သက်သော ကျွန်မတို့ ပြုခဲ့သည့် ကုသိုလ်အကြောင်းကို ဟုတ်တိုင်းမှန်ရာ ရှင်းပြကြသည်။

"အဲဒါ အရူးထတာ မဟုတ်ဘူး... ပိုးဟပ်လေး သေသွားလို့... အသုဘခုတင် ပြင်ပေးထားတာ"

သူ မထင်ထားသည့် အဖြေကို ကြားတော့ ဘွားဘွားမှာ ချက်ချင်း စကားမပြန်နိုင်ဘဲ မျက်လုံးကြီး ပြူးလို့။ ပြီးတော့မှသာ "အော်ဝမ်းကျမ တွေ.. မလုပ်ကောင်းတာတွေ...လုပ်တာ.. လာခဲ့စမ်း နှစ်ကောင်လုံး"

mgyoe.com

mgyoe.com

ဆိုပြီး ရိုက်တော့သည်။ အဲသည်တစ်ခါမှာတော့ ဘွားဘွား တော်တော် စိတ်ဆိုးသွားပုံရသည်။ ခါတိုင်း မရိုက် မဖြစ်၍ ညီအစ်မ နှစ်ယောက်လုံးကို ရိုက်လျှင်တောင် သူ့မြေး အကြီးမကိုတော့ သာသာဖွဖွသာ ရိုက်တတ်သည်။ အခုတော့ အကြီးရယ်၊ အငယ်ရယ် မရှောင်ခဲ့။

မမခမျာ ကျွန်မ ပေါက်ကရ ဆော့ကစားလို့ အရိုက်ခံရလေတိုင်း အဆစ်ပါတတ်သည်။ အိမ်က ရေချိုးကန်ထဲမှာ နှစ်ယောက်သား ရေဆင်းကူးကြလို့လည်း အရိုက်ခံရဖူးပါသည်။ သည်အရေးမှာလည်း ထုံးစံအတိုင်း ဆွယ်သူက ကျွန်မ။

"ရေအောက်ထဲကို ငုံ့လိုက်ရင် အောက်မှာ ငါးလေးတွေ၊ လိပ်ကလေးတွေ အများကြီးပဲ‥ လှမှလှ"

အစကတော့ ခမျာမယ် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေပေမယ့် ကြာတော့ ကျွန်မ ပြောတာကို အဟုတ်မှတ်ပြီး ရေကန်ထဲ ဆင်းပြီး ငုပ်လေသည်။ မည်သည့်ငါးမှ မတွေ့ရ။ သို့ပေမဲ့ သူကလည်း ခေသူ မဟုတ်လေတော့… "အေး‥ ငါ တွေ့တယ်‥ အနီရောင်လေးတွေရော၊ အဝါရောင်လေးတွေရော" သို့ကလို ဖြီးသေးသည်။ ငါးရှိရှိ၊ မရှိရှိ ညီအစ်မ နှစ်ယောက်လုံး အိမ်က ရေကန်ထဲတွင် ပျော်ပျော်ပါးပါး ရေဆင်းဆော့ပြီး ရှုးပေါက်ကြသည်။

အစပိုင်းမှာ ဘွားဘွား မရိပ်မိသေးပါ။ သုံး လေးရက် နေတော့ သူ့မြေးနှင့်ကျွန်မ တပူးတွဲတွဲ ရေချိုးခန်းတံခါး ပိတ်ပြီး ရေချိုးကြတာ၊ ရေချိုးလျှင်လည်း ကြာတတ်တာကို သတိထားမိလာသည်။ ခေါ်စစ်တော့ နှစ်ခါ မမေးရ။ ကြောက်တတ်သူ အစ်မက ဝန်ခံနှင့်သည်။ လူကြီး မသိအောင် ရေကန်ထဲ ဆင်းသည့်အမှုနှင့် ရှုးပေါက်ချခဲ့သည့် အမှုနှစ်မှုအတွက် နှစ်ယောက်သား ကြိမ်စာ အကျွေးခံရပြန်ပါသည်။

"အဲဒါကြောင့် ငါ ပြောတာ… ညည်းကို အဲ့ကောင်မလေးနဲ့ မပေါင်းနဲ့လို့… ကိုယ့်ဟာကိုယ် အေးအေးနေ‥ မဟုတ်ရင် အဲဒီလိုပဲ အရိုက်ခံရမယ်"

ဘွားဘွားက တားလို့၊ မမ မပါလည်း ကျွန်မ မမှုတတ်။ မမနှင့်တူတူ ကစားရရ၊ မရရ ကျွန်မဘာသာ တစ်ယောက်တည်းလည်း ဖြစ်အောင်ကစားပါသည်။ တစ်ခါတစ်ရံ ဘောလုံးကန်တမ်းများ ကစားလျှင် တစ်ယောက်

mgyoe.com

mgyoe.com

SAMPLE BOOK


တည်းနှင့် နှစ်သင်းခွဲကန်တတ်သည်။ ဘယ်ဘယ်ခြေထောက်သည် ရန်ကုန်အသင်းဖြစ်ပြီး၊ ညာဘက်ခြေထောက်သည် မန္တလေးအသင်း ဖြစ်သည်။ ဂိုးဝင်အောင် ကန်လိုက်သည့် ခြေထောက်ဘက်က အသင်းက အနိုင်ရတတ်သည်။

မမကတော့ တစ်ဦးတည်းသော ညီမလေးမို့ ချစ်ရှာသည်။ သူ့အဘွားဘယ်လိုတားတား အတူတူလာဆော့သည်။ "နင် မွေးတုန်းကလေ ငါ့မှာအရုပ်ကလေးတစ်ရုပ် ရသလိုပဲ ပျော်လိုက်တာ‥ ကြီးလာတော့ ခွေးမလေး‥ ငါ့ကို ကိုက်တယ်" တဲ့။ သူ့ရင်ဘတ်ပေါ်က ကျွန်မ ကိုက်သဖြင့် သေရာပါမည့် ဒဏ်ရာကို ပြရင်း မှတ်မှတ်ရရ ဆိုဖူးသည်။ ငယ်ငယ်က ရန်ဖြစ်ကြလျှင် ကျွန်မသည် အလွန် လက်မြန်ခြေမြန် ရှိသည်။ မမက တုံ့နှေးနှေးမို့ ညီအစ်မနှစ်ယောက် ရန်ဖြစ်လျှင် သူချည်းခံရသည်သာ များ၏။

မမက သံယောဇဉ် ကြီးရှာပါသည်။ ကျွန်မတို့သည် ငယ်စဉ်က ထမင်းစားလျှင် ဘွားဘွားနှင့်သာ အတူတူစားကြသည်။ ထမင်းဟင်းကျက်လျှင် ဘဘက ဦးဦးဖျားဖျား စားသည်။ ပြီးလျှင် ကျွန်မတို့ မြေးအဘွားတစ်တွေ စားကြသည်။ မေမေက ဈေးဆိုင်လူပါးချိန်တွင် ထမင်းပန်းကန်ကို ဆိုင်ခန်းကို ယူပြီး သူ့ဘာသာ စားတတ်သည်။ ဖေဖေကတော့ အပြင်မှာပဲ အပေါင်းအသင်းတွေနှင့် သူ့ဘာသာ စားချင်စားလာ၊ သည်လိုမှ မဟုတ်ရင်တော့ အိမ်ကျမှ စားတတ်သူ။

ထမင်းအတူတူ စားကြသည့်အခါတိုင်း ဘွားဘွားသည် ဟင်းကို ချင့်ချိန်ထည့်ပေးတတ်သည်။ အသားစား မကျူးစေချင်တာရော၊ အတိုင်းအထွာနှင့် စားတတ်အောင် လေ့ကျင့်ပေးချင်တာရောကြောင့် ပါသည်။ မျက်နှာတော့ လိုက်သပေါ့လေ။ ဟင်းကောင်း ကျွေးကောင်း ဆိုလျှင် မမကို ပိုထည့်ပေးတတ်သည်။ ကျွန်မကတော့ ဟင်းစားကြီးသူမို့ ကိုယ်ရသည့်ဝေစုနှင့် ဘယ်တော့မှ မဝတတ်ပေ။ ထပ်လိုချင်သည်။ မမကို တိုးတိုးကျိတ်ကျိတ်တောင်းရသည်။ မမခမျာ သူ့ဝေစုကို ဘွားဘွားမမြင်အောင် ကျွန်မ ပန်းကန်ထဲကို ထည့်ပေးလျှင် ကျွန်မက ထမင်းဖြူတွေနှင့် ဖုံးပြီး ဝှက်ကာ စားပါသည်။

ထမင်းစားတာလည်း ထမင်းစားတာမို့၊ အိပ်တာလည်း အိပ်တာမို့ ဘွားဘွားက အလွန်ခွဲခြားသည်။ သူတို့ မြေးအဘွား အိပ်ခန်းထဲကို ကျွန်မ

mgyoe.com

mgyoe.com

ဝင်လာလျှင် မကြိုက်တတ်ပါ။ ကျွန်မတို့ သားအမိ အိပ်ခန်းထဲကို မမ ဝင်ဆော့လျှင်လည်း သူ ငြိုငြင်တတ်ပြန်သည်။ ဘွားဘွားကမ္ဘာသည် သူချစ်သော မြေးမ တစ်ဦးတည်းအတွက်သာ ဖြစ်သည်။ သည်မြေးကို သူပဲ အပိုင်သိမ်းကျုံးပြီး ချစ်ချင်သည်။

“ညည်းအမေက ညည်းကို ချစ်တာ မဟုတ်ဘူး… ညည်း ညီမပဲ ချစ်တာ… ငါကပဲ ညည်းကို ချစ်ရတာ”

ကျွန်မတို့အပေါ် မမ အချစ်ပိုသွားမည်ကို နည်းနည်းမျှ သူ မလိုလား။ သို့နှင့်ပင် ညီအစ်မနှစ်ယောက်ကို အစကတည်းက ဘွားဘွား စည်းခြားထားသည်။

ပုံမှန်အချိန်တွေမှာ ကျွန်မနှင့် ဘွားဘွား တဖောင်း(ရှားစောင်း)စေးနှင့် မျက်ချေးဖြစ်တတ်သော်လည်း ဘွားဘွား ဈေးသွားလျှင်တော့ ကျွန်မ လိုက်ချင်သည်။ ဘွားဘွားကတော့ အများအားဖြင့် မမကိုပဲ ခေါ်သွားတတ်သည်။ ဒါကို ကျွန်မ မကျေနပ်လှ။ မေမေနှင့်တော့ ဈေးချိုကို မလိုက်ချင်ပေ။ ဈေးချို တစ်ရုံပြီး တစ်ရုံ ကူးချည်သန်းချည် သူ သွားသည့်နောက်ကို တကောက်ကောက်နှင့် လိုက်ရသည်က မလွယ်လှ။

သည့်အပြင် မေမေက ဈေးမှာဆိုရင် ဘာမှ မဝယ်ကျွေးတတ်သလောက်၊ ဘွားဘွားကတော့ ဈေးထဲက သရေစာလေးတွေ ဝယ်ကျွေးတတ်သည်။ နေ့တိုင်း ဈေးသွားတာမျိုးတော့ မဟုတ်၊ ရပ်ကွက်ထဲကို လာရောင်းသည့် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေဆီမှာသာ တစ်ရက်စာ ဝယ်လေ့ရှိပါသည်။ အခါကြီး ရက်ကြီးမို့ ဈေးသည် မလာသည့်အချိန်၊ သို့မဟုတ် ငရုတ်သီး၊ ကြက်သွန် များများစားစား ဝယ်ဖို့ မလိုတော့မှသာ ဘုရားကြီးဈေးဟု ကျွန်မတို့ ခေါ်တတ်သည့် မဟာမုနိဘုရားကြီး၏ မြောက်ဘက်မုခ် အဆင်းတွင် ရှိသော ဈေးသို့ ဘွားဘွား ပြေးတတ်သည်။

ဘုရားကြီးဈေးသည် ကျွန်မတို့ အိမ်နှင့် မန္တလေးအခေါ် ဆယ်ပြဲ ဟျော်လောက် ဝေးပါသည်။ တစ်ခါတစ်ရံ မြင်းလှည်းနှင့် သွားသည်။ တစ်ခါတလေတော့ ဆိုက်ကားနှင့်။ တစ်ခါတလေတော့ ခြေကျင် ဒိုးကြသည်။ အသွားခြေလျင်ဆိုရင် အပြန်ကျတော့ ဆိုက်ကားနှင့် ဖြစ်သည်။ ဈေးသို့ ရောက်လျှင် တွေ့မိတွေ့ရာ သရေစာလေးများ၊ ဒါမှမဟုတ် “ဖော်” ကြက်စာ

mgyoe.com

ဆိုင်နားက ရွှေရင်အေး တိုက်သည်။ မဟုတ်လျှင် ၄၂ လမ်း စိန်ကျော်ကွေ့က ပန်းကမ္ဘာရေခဲမုန့် ကျွေးသည်။ ကျွန်မမှာ ရွှေရင်အေးနှင့် ရေခဲမုန့်မျက်နှာကြောင့် ဘွားအေ ဈေးသွားခါနီးတိုင်း သူ့ကို မျက်နှာချို သွေးရပါသည်။

တစ်ခါတော့ ကျွန်မကို မခေါ်ဘဲ ထားသွားသဖြင့် ညနေစာ ချက်ထားသော ကြက်သားဟင်းတွေ အကုန်လုံးကို စားပစ်ပြီး အိုးထဲမှာ အရိုးတွေချည်း ပြန်ထည့်ပစ်ထားပြီး ပညာပြခဲ့သည်။ ထိုကတည်းက ကျွန်မ ရန်ကို ရှောင်လို၍ ဘွားဘွားမှာ ဟင်းဆိုလည်း ဟင်းမို့၊ ပုစွန်ခြောက်ဆိုလည်း ပုစွန်ခြောက်မို့၊ နို့ဆီဆိုလည်း နို့ဆီမို့၊ ဘီစကွတ်ဆိုလည်း ဘီစကွတ်မို့ ဝှက်ရတော့သည်။ သူက ဝှက်လေ ကျွန်မက ရှာလေ။ ကျွန်မအတွက်တော့ ဝှက်ထားသည့်အရာကို ရှာနိုင်သည့် အဖြစ်လောက် ပျော်စရာကောင်းတာ မရှိ။ ပြီးလျှင်တော့ မြေးအဘွားနှစ်ယောက်မှာ တဂိုန်းဂိုန်း ရန်ဖြစ်ကြသည်။

ကျွန်မကြောင့် ပစ္စည်းဝှက်ရသူများတွင် ဘွားဘွားတင် မဟုတ်၊ မေမေလည်း ပါသည်။ ကျွန်မ ငယ်ငယ်တုန်းက မေမေ့ သန္ဓေတားဆေးတွေကို ခဏတိုင်းဆိုသလို မေမေ မသိအောင် ယူစားတတ်ပါသည်။ ဆေးလုံးလေးတွေက ချိုသည်ကိုး။ အချိုမကုန်မချင်း ဆေးကို လျှာပေါ်တွင် ငုံထားတတ်သည်။ ပြီးလျှင်တော့ ထွေးထုတ်ပစ်တတ်သည်။ တစ်ခါတလေတော့လည်း ဝါးစားတတ်သည်။ မေမေက သူ့ဆေးတွေ သူ မသောက်လိုက်ရဘဲ ကုန်သွားသဖြင့် ကြာတော့ ကျွန်မကို မသင်္ကာဖြစ်လေသည်။

"မေမေက တော်လိုက်တာနော်... အဲဒီတုန်းက သမီးကိုတောင် မမေးရသေးဘူး.. သမီးလက်ချက်ပဲလို့ တန်းသိတာပဲ"

"အေးလေ.. ဒီလိုလုပ်မယ့်သူက ညည်းပဲ ရှိတာကိုး.."

အဲသည်အကြောင်းကို ပြန်ပြောဖြစ်တိုင်း သားအမိနှစ်ယောက် ရယ်ကြရသည်။

မေမေနှင့် ဘွားဘွားသည် ချွေးမနှင့် ယောက္ခမတို့ထုံးစံအတိုင်း ကိစ္စတော်တော်များများတွင် သဘောမမျှကြသော်လည်း သူတို့နှစ်ယောက် စည်းလုံးကြသည့်အချိန် နှစ်ချိန်ရှိခဲ့ဖူးသည်။ ပထမတစ်ချိန်က ၈၈ အရေးအခင်းကာလတွင် ဖြစ်သည်။ ထိုအချိန်က ဘဘသည် သူ့ဆန်စက်ရှိရာ ကောလင်း-ဂိုးတောင်ဘက်ကို ပြန်နေခိုက်၊ ဖေဖေကလည်း ခရီးထွက်နေခိုက် ဖြစ်သည်။

mgyue.com

mgyoe.com
SAMPLE BOOK


မာရှယ်လော ထုတ်ထားသည့် ညဥ့်သန်းခေါင်တွင် သေနတ်သံများ ကြားရသည်။

ဘွားဘွားသည် အိမ်ပေါ်ထပ် အခန်းကနေ ကျွန်မတို့ သားအမိ အိပ်သည့် အိမ်အောက်ထပ် အခန်းသို့ ပြေးဆင်းလာသည်။

"မဘီး.. ဟဲ့ ..ကြားလား"

"ကြားတယ် အမေ... လာ.. လာ"

သူတို့နှစ်ယောက် အသံတိုးတိုး တိုးတိုးပြောကြပြီး တစ်အိမ်လုံးကို အတွင်းကနေ မင်းတုပ် သေချာချ၊ မချ အထပ်ထပ်စစ်ပြီး မီးငြိမ်းလိုက်၏။ ခုတင်အောက်တွင် ကျွန်မတို့ မြေးအဘွား၊ သားအမိတစ်တွေ အိပ်ချင်မူးတူးနှင့် သေနတ်သံများ စဲသည်အထိ ပုန်းကြရသည်။ ထိုစဥ်က ဘာမှန်းမသိသော်လည်း ကျွန်မအဖို့ အတွေ့အကြုံအသစ် ဖြစ်နေခဲ့သည်။ အရေးအခင်း ပြီးသည့်နောက် ကျောင်းတွေ ပြန်မဖွင့်မီ ကစားကြသည့်အထဲတွင် ဆန္ဒပြတမ်း ကစားတာလည်း ပါခဲ့ဖူးသည်။ ကျွန်မက "ဒီမိုကရေစီရရှိရေး တို့အရေး.. တို့အရေး" နှင့် ရှေ့ကတိုင်သမျှ မမက "အရေးတော်ပုံ အောင်ရမည်" ဆိုပြီး နောက်က လိုက်ပေးသည်။ အတိုင်အဖောက်ညီညီနှင့် ညီအစ်မနှစ်ယောက် အိမ်ကို ကျော့ကာကျော့ကာပတ်၍ ချီတက် ဆန္ဒပြကြပါသည်။ မလုံခြုံသော ကာလမို့ ယောက္ခမနှင့် ချွေးမကြားက အရည်ကျဲသော ဆက်ဆံရေးမှာ ထိုစဥ်တစ်ခဏ သွေးပမာ စေးပျစ်နေခဲ့ဖူးသည်။

မေမေနှင့် ဘွားဘွား ဒုတိယအကြိမ် မဟာမိတ် ဖြစ်သွားကြတာ ကလည်း ကျွန်မပယောဂကြောင့် ဖြစ်သည်။ သည်တစ်ခါလည်း အတတ်ဆန်း ထွင်သည့် အမှုကြောင့်ပါပဲ။ အပေါက်ရှာ ကစားတတ်သူတို့၏ ထုံးစံအတိုင်း ကျွန်မမှာ ကျွန်မလုပ်သမျှကို မမ ပါးစပ်အပောင်းသား ဖြစ်သွားသည်မျိုးကို ကျေနပ်သည်။ မမကို အံ့သြအောင် လုပ်မည် အကြံဖြင့် ထိုနေ့က သူ့ကို မျက်လှည့်ပြမည်ဟု ပြောသည်။ သူကလည်း အဟုတ်မှတ်သည်။ သူက စိတ်ဝင်တစား ရှိလေလေ၊ ကျွန်မကလည်း ဟန်ရေးတပြပြဖြစ်လေလေပါပဲ။

"ဒီမှာ နင် သံတိုင်နှစ်တိုင် တွေ့တယ်နော်... အဲဒီထဲ ငါ ခေါင်းဝင် ပြမယ်.. ကြည့်နေ"

mgyoe.com

mgyoe.com
SAMPLE BOOK


လှေကားခြေရင်းက ပြတင်းပေါက် သံတိုင်နှစ်တိုင်ကြားသို့ ကျွန်မ ခေါင်းထည့်ပြသည်။ အတော်လေး ကျပ်ကျပ်တည်းတည်း ထိုးသွင်းရပါသည်။ တကယ်ပဲ ထိုးသွင်းနိုင်သည့်အခါ မမသည် အံ့သြပြီး သဘောတကျ လက်ခုပ်တီးလေသည်။ မမကို ထူးဆန်းအောင် လုပ်ပြလိုက်ရသဖြင့် ကျွန်မလည်း အတော်ကြီး ကျေနပ်ခဲ့သည်။ သို့ပေမဲ့ ပြဿနာက ကျွန်မမှာ ခေါင်းကို သွင်းရုံသာ သွင်းတတ်ပြီး သံတိုင်ကြားကနေ ပြန်မထုတ်တတ်တော့ချေ။

"မမ လုပ်ပါဦး… ငါ့ ခေါင်းကြီး ပြန်ထုတ်လို့ မရတော့ဘူး"

အစကတော့ ကျွန်မက နောက်နေတာလို့ သူက ထင်သည်။ နောက်တော့ ငိုသံပါကြီးနှင့် ပြောကာမှ သူလည်း တကယ်မှန်းသိပြီး လူကြီးတွေ မသိအောင် ညီအစ်မနှစ်ယောက် တိုးတိုးကျိတ်ကျိတ်နှင့် ခေါင်းကို ဆွဲထုတ်ကြသည်။ ဘယ်လိုမှ မရတော့ မမက ငိုပြီး ဘွားဘွားနှင့် မေမေ့ကို သွားပြောသည်။ သူတို့နှစ်ယောက်လုံး မျက်ကလူးဆန်ပြာ ဖြစ်ပြီး ကျွန်မကို ဆွဲကြ လွဲကြဖြစ်တော့သည်။ ဘေးအိမ်က လူတွေပါ သိပြီး သံတိုင်ကို ဝိုင်းဖြဲပေးကြ၊ အတွင်းဘက်က ဆွဲတဲ့သူနှင့် သံတိုင်အပြင်ဘက်ကနေ ကျွန်မ ခေါင်းကို တွန်းပေးသူနှင့် လူကြီးတွေ အတော်အလုပ်ရှုပ်သွားကြလေသည်။ ခေါင်းနှင့်ကိုယ် အိုးစားမကွဲဘဲ ကျွန်မခေါင်းကလေး လွတ်လွတ်ကျွတ်ကျွတ် ဖြစ်လာတော့ အနားပင် မယူရသေး၊ အဘွားနှင့် အမေတို့ နှစ်ယောက် ပေါင်းပြီး ကျွန်မကို တက်ညီလက်ညီ ဘယ်တစ်ချက်၊ ညာတစ်ချက် စည်တော်ကြီး တီးကြတော့သည်။

ကျွန်မကလည်း အမှတ်မရှိတော့ ငိုပြီးလျှင် ပြီးပြီးပျောက်ပျောက် မေ့လွယ်ပြန်သည်။ ဘွားဘွားကတော့ ကျွန်မကို အမြင်လည်း ကတ်သလို လန့်လည်း လန့်ပုံရသည်။ ကျွန်မ ဘာလုပ်နေသည်၊ ဘာကစားနေသည် ဆိုတာကို မေမေ့ထက်တောင် သူက စိတ်ဝင်စားသေးသည်။ တစ်ခါတလေ ကျွန်မကြောင့် ဘွားဘွား အရှုးဖြစ်ရတာလည်း ရှိပါသည်။ သည်တစ်ခါကော့ ကျွန်မတို့ ရုပ်ရှင်ရိုက်တမ်း ကစားကြတုန်းကရယ်ပါ။

"ဟယ်လို… ရဲစခန်းကလား… လမ်း ၈၀ က တိုက်[illegible] လူသတ်မှု ဖြစ်နေပါတယ်… အမြန်လာခဲ့ပါ"

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မတို့ အတော်လေး သရုပ်ဆောင်ကောင်းသွားလို့လား မသိ၊ ပုတီးစိပ်ရင်း နားစွန်နားဖျား ကြားမိသော ဘွားဘွားမှာ မနေနိုင်တော့ဘဲ-

"ဟဲ့… ဘယ်မှာ ဖြစ်တာတဲ့တုံး" ဟုပင် မေးလာရသည်။

"ဒီအိမ်မှာ ဖြစ်တာလေ… အခု လူသတ်သမားက အိမ်မှာ လူသတ်ပြီးပြီ၊ ခဏနေ အိမ်ကို မီးရှို့တော့မှာ"

သူ မေး၍ ရှင်းပြရပြန်တော့လည်း ကျွန်မမှာ ပေါင်တွင်းကြော ဆွဲအလိမ်ခံရပြန်ပါသည်။

"ရှေးလူကြီးများက ပြောတယ်… အရူး ပြောတာရယ်၊ ကလေး ပြောတာရယ်၊ သဘင်သည် ပြောတာရယ် မှန်တတ်တယ်တဲ့၊ နိမိတ်မရှိ နမာမရှိတွေ ငါ့ အိမ်ပေါ်မှာ မပြောကြနဲ့… သွားကြ… သွားကြ"

ကျွန်မကလည်း ကျွန်မပါပဲ။ ဘွားဘွားများ ဆူငေါက်ပြီ၊ ရိုက်ပြီ ဆိုလျှင် မှတ်ထားသည်။ ညအိပ်လျှင် ဘွားဘွား အိပ်ပျော်ပြီဆိုကာမှ ဘွားဘွားတို့ အခန်းထဲသို့ ခြေသံမကြားအောင် ခြေဖျားထောက်ပြီး ခိုးဝင်တတ်သည်။ ပြီးလျှင် ဘွားဘွား၏ ဆီးအိုးထဲမှာ ရှူးပေါက်ထားခဲ့သည်။ ဘွားဘွားက ညတစ်ရေးနိုးတိုင်း ဆီးသွားတတ်သည်ကိုး။ သူ ဆီးမသွားလျှင်တောင် သူ့မြေးအကြီး ဆီးသွားထားနှင့်သည်ဟုပဲ သူ ထင်တတ်သည်။

သည်လိုနှင့် မနက်လင်းလျှင် ဘွားဘွားမှာ ကျွန်မ ပေါက်ထားခဲ့သည်ကို မသိဘဲ ဆီးအိုးကို သွန်ရလေသည်။ ဘွားအေကို သည်လို မလိမ့်တပတ် လုပ်ရတာကို ကျွန်မမှာ ကွယ်ရာကနေ ချောင်းကြည့်ပြီး အူမြူးနေတတ်သည်။

တစ်ခါတလေ ဘွားဘွား၏ ထဘီ နောက်ဘက်မှာ အမြီးတပ်ပေးလိုက်သည်မျိုးလည်း ရှိသေးသည်။ ဘွားဘွားက မသိဘဲ အမြီးတန်းလန်း တန်းလန်းနှင့် ရပ်ကွက်ထဲ လှည့်တတ်သည်။ သူ ပြန်လာလျှင် လူမမြင်ရခင် "အငယ်မ ဘယ်ရောက်သွားတုံး… လာခဲ့စမ်း… အော်ဝမ်းကျမ" ဆိုသည့် အသံကို အရင်ကြားရသည်။ ထိုအခါမျိုးတွင် ကျွန်မသည် အခန်း တံခါးကို အထဲကနေ ချက်ထိုးပြီး စောင်ခေါင်းမြီးခြုံကာ အိပ်ချင်ယောင် ဆောင်လေ့ရှိသည်။

ကျွန်မကချည်း ဘွားဘွားကို စိတ်တိုစိတ်ဆိုးအောင် လုပ်နိုင်ခဲ့သည် မဟုတ်ပါ။ ဘွားဘွားကြောင့်လည်း ကျွန်မ ငိုခဲ့ရသည်များ ရှိပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ခါတော့ ကျောင်းကနေ ငိုပြီး ပြန်လာသည့် ကျွန်မကို မည်သို့ ချော့ရမည်မှန်း မသိအောင် လူကြီးတွေ အကျပ်တွေ့ဖူးသည်။ အကြောင်းရင်းကို မေးတော့ "သမီး ဗိုက်ကြီးတော့မှာလား မသိဘူး မေမေ" ဆိုကာ ရှိုက်ရှိုက်ပြီး ပြောသတဲ့။ မေမေ့ခမျာ အတော်လေး အထိတ်တလန့် ဖြစ်သွားသည်။

"ဒီနေ့ ဆရာမက သမီးနဲ့ အတန်းထဲက ကောင်လေးကို လက်ဆွဲပြီး ပြေးကြတဲ့… ပြီးတော့ ဟိုဘက်စည်းထိပ်က ဘောလုံးကို ကောက်ခိုင်းတာ… သမီး မကစားချင်ဘူး‥ ဒါပေမဲ့ ဆရာမကို ကြောက်တော့ ကစားရတာပေါ့… အဲ့ကောင်လေးက သမီး လက်ကို ဆောင့်ဆွဲပြီး ပြေးတယ် မေမေ… သမီး ဗိုက်ကြီးတော့မယ် ထင်တယ်"

မေမေသည် ကျွန်မ ပြောတာကို နားမလည်ချေ။ ထပ်ခါထပ်ခါ မေးမှ နောက်ကွယ်က အကြောင်းရင်းကို သိရသည်။ ဘွားဘွား ပြောဖူးသည့် ပြဇာတ် ဇာတ်လမ်းတွေထဲမှာ ကျွန်မ မှတ်မိနေတာ တစ်ခု ရှိသည်။

"အကောင်က ထရေ(ထန်းရည်) မူးပြီး ကလေးမလေးကို ဆွဲလားယမ်းလား လုပ်တာပေါ့… မင်းသမီးရဲ့ အိမ်ကလူတွေက ဂါတ်တဲကိုတော့ တိုင်ကြတာပဲ… ဒါပေမဲ့ ကလေးမလေးက ကိုယ်ဝန်ရှိသွားရော"

"ကိုယ်ဝန်ရှိတယ် ဆိုတာ ဘာလဲဟင်"

"ဗိုက်ကြီးတာ… ဗိုက်ကြီးတာကို ပြောတာ"

အဲသည်ကတည်းက ကျွန်မမှာ ဆွဲလားယမ်းလားလုပ်လျှင် ဗိုက်ကြီးမည်ဆိုသည့် အသိကို အတော်လေး စွဲသွားသည်။ စွဲမိစွဲရာ စွဲပြီး ငိုလိုက်သည်မှာ တော်တော်နှင့် ချော့မရ။ မေမေ စိတ်ဆိုးတော့ ဘွားဘွားက -

"ငါက ရိုးရိုးပြောတာပဲဟာ‥ ညည်းသမီးကိုက တော်ရုံမတွေးဘူး" ဆိုပြီး ဆင်ခြေကန်သည်။

သို့ကလို ကျွန်မတို့ မြေးအဘွားမှာ ကြွက်နှင့်ကြောင် ဇာတ်လမ်းထဲကအတိုင်း ဘတစ်ပြန်၊ ကျားတစ်ပြန် ဖြစ်ပါသည်။

*

mgyoe.com

mgyoe.com  SAMPLE BOOK 

သည့်အပြင် ဘွားဘွားနှင့် ကျွန်မအကြားတွင် အမှတ်တရဖြစ်ရသည့် နောက်အကြောင်းရင်း တစ်ခုက လူဝင်စားနှင့် ပတ်သက်ပြီး ဖြစ်သည်။ ကျွန်မတို့နှင့် တစ်လမ်းကျော်တွင် သုံးဘ၀တိုင်တိုင် သည်မိခင်ထံတွင်ပဲ ပြန်ဝင်စားသည့် မမဌေး ဆိုသူ ရှိသည်။ မမဌေးကို ငယ်စဉ်က သူ့အမေက ရိုက်တော့-

"အမေကသာ သမီးကို ရိုက်တာ… သမီးကတော့ အမေ့ကို ချစ်လွန်းလို့ သုံးခါတောင် အမေ့ဆီကို ပြန်လာတယ်"

ဆိုပြီး ပြောသတဲ့။ မမဌေး အပျိုပေါက်ဖြစ်တော့ ကျွန်မ ကျောင်းမနေရသေး။ သို့သော် မေမေ့ထံကတစ်ဆင့် ကြားရသော မမဌေး၏ ဇာတ်လမ်းကို ကျွန်မ အတော်စိတ်ဝင်စားသည်။ မမဌေးလိုလည်း ကျွန်မ ပြောတတ်ချင်သည်။ ကျွန်မ ကြားဖူးတာက လူဝင်စား ဆိုသည်မှာ သူ ဝင်စားတော့မည်ဆိုလျှင် အိပ်မက်ပေးတတ်သည်။ သည့်အပြင် သူ့ကိုယ်ပေါ်မှာ အမှတ်အသားတစ်ခုခု ပါသည်တဲ့။ ကျွန်မ၏ ဘယ်ဘက်လက်ဖမိုးပေါ်မှာလည်း အမှတ်ညိုညိုလေးတစ်ခု ပါသည်ပဲ။ ကျွန်မကကော ဘာလို့ လူဝင်စား မဖြစ်နိုင်ရမှာတဲ့လဲ။

"သမီးကို မမွေးခင်တုန်းက မေမေ အိပ်မက်မက်လားဟင်"

"မမက်ပါဘူးအေ… ဘာအိပ်မက်မှ မမက်ဘူး"

"မေမေက ဘာလို့ မမက်ရတာလဲ… မေမေကလည်း မက်ပေးပါလို့ဆို… မက်ပေးပါ"

ဂျီတိုက်လွန်းမက ဂျီတိုက်သဖြင့် မေမေ့ခမျာ အိပ်မက် မက်ပေးရသည်။

"ခုမှ သတိရတယ်… ဟုတ်တယ်၊ သမီးကို မွေးခါနီးမှာ အိပ်မက်မက်တယ်… ဆင်ဖြူတော်ကြီးက လာပြောတယ်"

"မေမေပြောပြတဲ့ ဝေသန္တရာဇာတ်ထဲက ဆင်ဖြူလား မေမေ"

"အေး… ဟုတ်တယ်… အဲ့ဒီဆင်ဖြူကြီးက ပြောတယ်… သမီးက လိမ္မာတဲ့သမီး ဖြစ်မှာတဲ့… စာလည်း အရမ်းကြိုးစားမှာတဲ့"

သည်လို ပြောပေးတော့မှ ကျွန်မလည်း ကျေနပ်တော့သည်။

သူငယ်ချင်းတွေနှင့် ကစားကြသည့်အထဲတွင် စက္ကူအလွတ်ပေါ်မှာ အသက်အောင့်ကာ ခဲတံဖြင့် အစက် ၇ ချက်ချ၊ သမ္ဗုဒ္ဓေ သုံးခေါက်

mgyoe.com

mgyoe.com
SAMPLE BOOK


ရွတ်ပြီးနောက် စာရွက်၏ နောက်ကျောဘက်ကို လှန်ကြည့်လျှင် အရင်ဘဝ ကို ပြန်မြင်ရသည့် အကြောင်းလည်း ပါသည်။ ကျွန်မတို့မှာ အသက်အောင့်ရင်း သမ္ဗုဒ္ဓေ မရွတ်တတ်သဖြင့် အခက်တွေ့ကြသည်။ သို့ပေမဲ့ ကိစ္စမရှိ။ အောင့်ချင် သလို အောင့်ပြီး ရွတ်ချင်သလို ရွတ်ကာ စာရွက်၏ နောက်ကျောဘက်ကို လှန်ကြည့်ကြသည်။ ဘာမှလည်း မမြင်ရ။ ဘယ်သူကမှတော့ "ဘာမှလည်း မမြင်ရဘူး"ဟူ၍ မပြောကြပါ။ သူ့ထက်ငါ လုပြီး ကိုယ် ဘာမြင်ရသည် ဆိုတာ ကိုသာ ဇာတ်လမ်းဆင် ပြောကြသည်။

"ငါ မြင်ရပြီ... ငါက ဟိုဘဝက မို့မို့မြင့်အောင် ဖြစ်ခဲ့တာ"

တစ်ယောက်က သည်လို စ လိုက်လျှင် နောက်တစ်ယောက်ကလည်း "ငါက တင်နီလာဝင်း..." "ငါက ဇင်မာဦး" "ငါက မေဝင်းမောင်" စသည်ဖြင့် အလုအယက် ပြောကြသည်။

သို့ကလို ပြောလျှင် အနားတွင်ရှိသည့် လူကြီးတွေက ရယ်ကြ သည်။

"ဟဲ့... မို့မို့မြင့်အောင်တို့၊ ဇင်မာဦးတို့က မသေသေးဘူး... ပေါက်ကရတွေဟယ်"

ဘယ်သူတွေ ဘယ်လိုပြောပြော ကျွန်မတို့ကတော့ တစ်ယောက်နှင့် တစ်ယောက် အကျောမခံကြချေ။ ထိုအထဲတွင် ကျွန်မက အလွန်လူလည် ကျသည်။

"ငါက ဟိုဘဝက နန်းတွင်းက မင်းသမီးဖြစ်ခဲ့တာ... ငါ့ တိုင်းပြည် မှာ နင်က ဆိုက်ကားနင်းတယ်... နင်က ပဲပြုတ်ရောင်းတယ်"

သည်လို အထက်စီးက ပြောတတ်သည်။

ကျွန်မ၏ လူဝင်စား ဇာတ်လမ်းကို ယုံကြည်သူက ဘွားဘွား ဖြစ် သည်။ ဘယ်ဘက်လက်ဖမိုးပေါ်က အမှတ်ညိုညိုလေးကို အကြောင်းပြုပြီး ကျွန်မကလည်း လူဝင်စားဖြစ်ကြောင်း မှင်ကောင်းကောင်းနှင့် ပြောတတ် သည်။ သို့ပေမဲ့ သူနှင့်ကျတော့ ဇာတ်လမ်းက နောက်တစ်မျိုးပေါ့။

"ကျုပ် မြေးအငယ်မက လူဝင်စားတဲ့..."

အိမ်နီးချင်းတွေကို သူ သည်လိုပြောလျှင် အိမ်နီးချင်းတွေကလည်း ဘွားဘွားအလိုကို လိုက်ကာ စိတ်ဝင်စားဟန် ပြရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


''ပြောပြလိုက်လေ‥ ဟိုနေ့က ဘွားဘွားကို ပြောတဲ့ လူဝင်စား ဆိုတာ… ဘယ်က ဝင်စားတယ် ဆိုတာ''

''ကျောက်ဆည်ကနေ ဝင်စားတာ''

သည်တုန်းက ကျောက်ဆည် ဆိုသည်ကို မရောက်ဖူးသေးသလို ဘယ်နားမှာ ရှိမှန်းလည်း မသိပါ။ မျက်စောင်းထိုးအိမ်က အန်တီ တစ်ယောက်က ''ကျောက်ဆည် သွားတယ်'' ခဏခဏ ပြောလွန်း၍သာ နားထဲမှာ စွဲနေခဲ့သည်။

''မိဘတွေက ဘာလုပ်တာတဲ့လဲ''

''ခြံစိုက်တယ်''

''ဘာဖြစ်လို့ သေသွားတာလဲ သမီးရဲ့''

''ဘူးပင်အောက်မှာ နေတုန်း ဘူးသီးပြုတ်ကျလာတာလေ… အဲဒါ ကြောင့် သေသွားတာ''

ကျွန်မ အဖြေကြောင့် ဘွားဘွား ဆဲလိုက်သည်မှာ မိုးမွှန်လို့ပါပဲ။ သည်အကြောင်းကို ပြန်ပြောလေတိုင်း ဘဘမှာ အတောမသတ် ရယ်တတ်သည်။

''မတင်ညွန့်‥ မတင်ညွန့်‥ အတော်ရိုးရှာတာ… ညည်းတို့ မြေးအဘွား မတည့်တာလည်း ပြောမနေနဲ့တော့''

ဘွားဘွား ရိုးပုံက ရွှေကြက်ကျက လူဝင်စား ကြောင်ကိစ္စမှာလည်း ထင်ရှားပါသည်။

ကျွန်မ ဒုတိယတန်း တက်နေစဉ်က ရွှေကြက်ကျဘုရားနားက ရပ်ကွက်ထဲတွင် ကြောင်တစ်ကောင်သည် လူဝင်စားဖြစ်ပြီး လူစကား ပြောတတ်သည်ဟူ၍ နာမည်ကြီးဖူးသည်။ ထိုစဉ်က မန္တလေးမြို့ထဲနှင့် လူဝင်စားကြောင် ရှိရာ ရွှေကြက်ကျသို့ အခကြေးငွေယူပြီး ကားများ ပြေးဆွဲပေးသူများလည်း စီးပွားဖြစ်လိုက်ကြသေးသည်။ ဘယ်က ဘယ်လို သည်သတင်း ပြန့်လာမှန်း မသိသော်လည်း အတော်များများ အုတ်အော်သောင်း တင်း ဖြစ်သွားသည်။ လှည်းရှိသူက လှည်း၊ စက်ဘီးရှိသူက စက်ဘီး၊ လိုင်းကား စီးသူကလည်း စီးနှင့် လူဝင်စားကြောင်ကို လာကြည့်ကြသည်။ တိုးတိုးကြိတ်ကြိတ်နှင့် ပွဲတော်လို စည်ကားခဲ့သည်။ ကျွန်မတို့ မြေးအဘွား လည်း ဘယ်နေလိမ့်မလဲ။ စပ်စပ်စုစုအုပ်စုထဲတွင် ရှေ့ဆုံးက ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကြောင်လေးရေ... နာမည် ပြောပြပါဦး.. နာမည် ဘယ်လို ခေါ်လဲ"

ပရိသတ်က မေးလျှင် ကြောင်သည် တောင်ကြည့် မြောက်ကြည့် လုပ်ပြီး "ညောင်" ဟု အော်လေသည်။ ဒါကိုပင် ပရိသတ်က "ဟယ်... ရန်အောင်တဲ့ ကြားလား... ကြားကြရဲ့လား.. ရန်အောင်လို့ ပြောနေတယ်" ဟု ဆိုကြသည်။ ကြောင်က "ညောင်" လိုက်၊ သူတို့က "ရန်အောင်" ဟု ကြားလိုက်နှင့်၊ သူ့အရပ်နှင့် သူ့ဇာတ်ကိုက် နေသည်။

"မဟုတ်ပါဘူး.. ကြောင်ကလေးက ညောင်လို့ အော်နေတာလေ"

ကျွန်မက အတွန့်တက်တော့ ဘွားဘွားက "ရန်အောင်ပါတဲ့ဆိုမှ... ရန်အောင်ဆို ရန်အောင်ပေါ့အေ့" ဆိုပြီး ပြန်ရန်တွေ့သည်။ သည်လိုနှင့် မြေးအဘွားနှစ်ယောက် အိမ်ပြန်ရောက်သည်အထိ "ရန်အောင်" ဟုတ်၊ မဟုတ် ငြင်းခုံလာကြသည်။ အိမ်ပြန်ရောက်သည့်အခါ ကျွန်မက ထုံးစံအတိုင်း ဟောင်ဖွာဟောင်ဖွာ လုပ်သည်။

"ကြောင်က ညောင်လို့ အော်တာကို ဘွားဘွားက ရန်အောင်လို့ ဇွတ်ငြင်းတယ်"

ဘဘကို ဆီးပြီးတိုင်တော့ ဘွားဘွားက မျက်စောင်းတခဲခဲနှင့် ရှိလေသည်။ ကျွန်မကိုလည်း စိတ်ကောက်ပြီး ထိုရက်ပိုင်း စကားမပြောတော့ချေ။

ဘွားဘွားနှင့် ရှားရှားပါးပါး တည့်သည့်အခါများလည်း ရှိတတ်ပါသေးသည်။ အထူးသဖြင့် သူနှင့် ဖဲအတူတူ ရိုက်သည့်အခါများတွင် ဖြစ်သည်။ ဘယ်ကစပြီး ဘယ်လို ဘွားဘွား ဖဲရိုက်တတ်လာသည် မသိပါ။ ဘဘ တောခိုစဉ်က တောထဲသို့ သူ လိုက်သွားတုန်း တတ်လာသည်လား၊ သို့မဟုတ် ဘဘ ဂျိုးတောင်မှာ ဆန်စက်တည်တော့ ဆန်စက်ထဲက အလုပ်သမားတွေက သင်ပေးလိုက်သဖြင့် ရိုက်တတ်လာသလား မသိပါ။

သူက သူ့ပညာကို မြေးနှစ်ယောက်ကို လက်ဆင့်ကမ်းသည်။ ကျွန်မမှာ ကျောင်းမနေရခင်ကတည်းက ဖဲရိုက်အရင်တတ်နှင့်သည်။ အပွင့်တူရာတွေ စုရတယ် ဆိုသည့် စကားကို အသေမှတ်ထားသည်။ အရှုံး အနိုင် ကောင်းကောင်းနားမလည်သမို့ ဘွားဘွားက "ညည်း နိုင်တယ်"၊ "ညည်း

mgyoe.com

mgyoe.com

SAMPLE BOOK


ရှုံးတယ်'' စသည်ဖြင့် ဆုံးဖြတ်ပေးသည့်အတိုင်း အတည်ယူရသည်။ မြေးအဘွား သုံးယောက် မီးပျက်သည့် ညများတွင် ဖယောင်းတိုင်ထွန်းကာ ထိလက်မှတ် အဟောင်းများကို ပိုက်ဆံလို သဘောထားပြီး ဖဲရိုက်တမ်း ကစားကြလေသည်။

''ဟဲ့… ကလေးတွေ… လုပ်စရာရှိတာ မြန်မြန်လုပ်ကြ…. မီးကမျက်တောင်ခတ်နေပြီ''

ဘွားဘွား ပြောလည်း ပြောစရာပင်။ လျှပ်စစ်မီးက ရှားရှားပါးပါးလာသည့်အခါလေးတွင်တောင် မီးအားက ပြည့်မီလှသည် မဟုတ်သဖြင့် မှိတ်တုတ်မှိတ်တုတ် ရှိနှင့်ပြီ။ သည်လိုအချိန်မျိုးတွင် ဘွားဘွားက လောဆော်လိုက်လျှင် ကျွန်မတို့လည်း ကောင်းကောင်း သဘောပေါက်သည်။

''မီးပျက်ရင် ကုလားကား ကြည့်မယ်''

ညီအစ်မနှစ်ယောက်စလုံးကလည်း တက်တက်ကြွကြွ ကြွေးကြော်ကြသည်။

''အော်ဝမ်းကျမတွေ တိုးတိုးမပြောကြဘူး… ငါ့ကို မကြီးမငယ်နဲ့ ဆိုပြီး လူ ကဲ့ရဲ(ကဲ့ရဲ့) ခံရအောင် လုပ်နေကြတယ်''

ဘွားဘွား မည်သို့ပင် မာန်မဲပါစေ၊ ကျွန်မတို့သည် ဖဲဝိုင်းသိမ်းလည်း ရှုံးသည်၊ နိုင်သည်ကိုလည်း လူကြားအောင် ပြောကြသည်။

ငယ်ဘဝတစ်လျှောက်လုံး ကျွန်မ မှတ်မိသမျှ မန္တလေးညများတွင် အမှောင်လွှမ်းသော ညများသည် အများဆုံး ဖြစ်ပါသည်။ မီးပျက်လျှင် ကျွန်မတို့မှာ လုပ်စရာမရှိ၊ မှောင်လျှင် ခြင်ကလည်း အခွင့်ကောင်းယူသည်။ ညနေဝင်ရီတရော အမှောင်ဆိုက်လာသည်နှင့်အမျှ ခြင်တို့သည် ဖွဲနှင့်ဆုပ်ပက်လိုက်သည့်ပမာ ဦးခေါင်းထက်တွင် တဝီဝီ ငြာသံပေး၍ ဝဲပျံနေသည်များ၊ လက်နှင့် ဖမ်းရိုက်လိုက်လျှင် တစ်ကောင်မဟုတ် တစ်ကောင်တော့ အနည်းဆုံး မိတတ်သည်။ ပါးကို ကိုက်လိုက်၊ လက်မောင်းကို သွေးစုပ်လိုက်၊ ခြေထောက်ကို တွယ်သွားလိုက်နှင့်မို့ ယပ်တောင်ကို လက်တွင် မော်တာတပ်ထားသလို အဆက်မပြတ် ယမ်းပေးနေမှ တော်ကာကျသည်။ ထိုအခါမျိုးတွင် ဘွားဘွားမှာ ဖဲကစားရင်း မြေးနှစ်ယောက်ကို ယပ်ခပ်ပေးရသည့် အလုပ်ပါ တာဝန်ယူရ ာည်။

mgyoe.com

mgyoe.com SAMPLE BOOK


ထိုမီးပျက်သော ညများကို ပြန်အောက်မေ့ကြည့်လျှင် ဘွားဘွား၏ ရင်ငွေ့နွေးနွေးကို ပြန်လည်ခံစားမိသည်။ ရှင်မတောင် သနပ်ခါးရနံ့နှင့် ချွေးနံ့ သင်းနေသော ဘွားဘွား၏ ကိုယ်သင်းရနံ့ကို ဘယ်အခါမှ မမေ့နိုင်ပါချေ။ အလွမ်းရနံ့များဟုတောင် တင်စားချင်ပါသည်။

အိမ်ရှေ့ ဝရန်တာသည် မြေးအဘွားတို့၏ ညီလာခံကျင်းပရာ နေရာ ဖြစ်သည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်သည် ဘွားဘွား၏ ဘယ်ဘက် ပေါင်၊ ညာဘက်ပေါင် တစ်ဖက်တစ်ချက်စီပေါ်တွင် အကျအန ခေါင်းအုံး လျက် ဘွားဘွား ပြောပြသော ပုံဝတ္ထုများကို နားထောင်ရသည်။ လရောင် ကလေး မဝင်းတဝင်း၊ ကြယ်ရောင်လေး မလင်းတလင်းအောက်တွင် ဘွားဘွား ၏ ပုံပြင်များထဲက ဇာတ်ကောင်များကို အတွေးနှင့် ပုံဖော်ရင်း ငိုက်စင်း ကာ ဇိမ်ခံကြသည်။ နွေရာသီကာလများ ဆိုလျှင် ကျွန်မတို့ ကျောပြင်ပေါ် က မိတ်ဖုများကို ဘွားဘွားက ပုံပြောပြရင်း အယားဖြေပေးတတ်သည်ကိုး။

ဒွေးမယ်နော်ခမျာ သူ့ချစ်သူလေးကို လွမ်းစိတ်ဖြင့် တ ငိုရှာသည်ကို ကြားရတော့ မျက်ရည်ဝဲရသည်။ ရွှဲကုန်သည် ပြဇာတ် နားထောင်ရတော့ မပေးပေး.. ပေးပေး.. ငါ့ ရွှေခွက်ပေး ဆိုသည့် နေရာ၌ အတွေးမျက်လှာတွင် ချက်ချင်းပင် ရွှေခွက်လုသော ပုံကို မြင်ယောင်လာသည်။ လောဘဇော တိုက်ပြီး ရှုးလုရှူးခင်ပုံကို တွေးပြီး ကြောက်လည်း ကြောက်ရသည်။ ဘွားဘွား အဟော အပြောကောင်းသဖြင့် သားနှင့်သမီးကို ခွဲရ၍ မယ်မဒီ ဖြေမဆည် ဗျာပါဆိုက် ပုံကို ကြားပြီး အမှောင်ထဲမှာပင် ကျွန်မတို့သည် ရှိုက်ကာ ရှိုက်ကာ ငိုမိ ပြန်သည်။

"ဇာတ်ဆိုရင် ရွှေမန်းတင်မောင်ကမှ ကောင်းတာ... တင်မောင် တို့က အချောတွေ... မြို့တော်သိန်းအောင်ကျတော့ ဆက်တင်တွေက ခမ်းနားချက်... သဘင်သည် မဝင်ရတို့၊ ကိုးဆယ်ဆ သာလိမ့်မယ်တို့၊ မိုးလား တိမ်လား မြူလားတို့အေ... ညည်းတို့များ ကြည့်ဖူးစေချင်တယ်"

တစ်ခါတစ်ရံ ဘွားဘွားက ထိုသို့တမ်းတမ်းတတ ပြောတတ်သည်။ ယပ်ကလေး ယမ်းလိုက်၊ ကျောကလေး သပ်ပေးလိုက်နှင့် ပြောပြတတ်သော ဘွားဘွား၏ လေသံတွင် လွမ်းရိပ်ကဲသဖြင့် လှိုက်မောသံများကို တစ်ခါတလေ

mgyoe.com

mgyoe.com

ခံစားမိသည်။ "ပြီးခဲ့ပါပြီလေ… ပြီးခဲ့ပါပြီ" ကုန်လွန်ခဲ့သော ရက်လနှစ်များအပေါ် သည်လိုလည်း သူ့မှာ မချိတင်ကဲ ရေရွတ်တတ်သေးသည်။

ကျွန်မတို့အဖို့မူ အဘွား၏ ရင်ငွေ့ကို လှုံရသည့်အခိုက်တွင် မန္တလေး၏ မီးပျက်ခြင်းကိုလည်း မေ့၏။ ခြင်အန္တရာယ်ကိုလည်း ဂရုမမူမိတော့၊ နွေအပူကိုလည်း ပူသည် မထင်တော့။ အဆုံးတွင် ဘွားဘွား၏ "အို့… အို့… အေး… အေး… အို့အို့… အေး… အေး" ဟူသော ချော့မြူသံအကြားတွင် မျက်တောင်များ ငိုက်စင်းကုန်လေသည်။

ခဏအကြာတွင် ဆိုင်ပိတ်ချိန်လည်း ရောက်ပြီမို့ မေမေက ကျွန်မကို ပြန်လာခေါ်တတ်သည်။ မေမေ လာခေါ်တာကို အိပ်ချင်မူးတူးနှင့် သိနေသည့်တိုင်အောင် မျက်လုံးမဖွင့်ဘဲ မေမေ့ အချီအပွေ့နောက်မှာ အလိုက်သင့် ပါသွားခဲ့သည်။

လူ့ဘဝတွင် အကောင်းအမွန် ထိပ်တန်းတွေကိုချည်း ကြုံတွေ့နေရမှ အမှတ်တရ ရှိတတ်သည် မဟုတ်ကြောင်း အဆိုကို လျှပ်စစ်မီးမဲ့သော နွေညများကို ပြန်တွေးမိလေတိုင်း လှိုက်လှိုက်လှဲလှဲ ထောက်ခံမိပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

## မီးမီးလေးရဲ့မေမေ့ကျောင်း

အလွမ်းသည် ရာသီနှင့်လည်း ဆက်စပ်သည်။ ရန့်နှင့်လည်း ဆက်စပ်သည်။ သီချင်းသံနှင့်လည်း အဆက်အစပ် ရှိနိုင်သည်။ ဝန်းကျင်နှင့် အခြေအနေတို့လည်း လွမ်းတစိတ်ကို ချော့မြှူနိုင်လေသည်။ "အလွမ်း" ဟူသော ခေါင်းစဉ်ကို ဦးတည်မိခိုက်တွင် မျက်ကြည်လွှာကို စေ့ပိတ်လိုက်သည်။ နှာသီးဖျားတွင် သန့်စင် နူးမြည့်သော မြေသင်းနံ့ကို ခံစားမိသည်။ မိုးဦးလေဦး၏ အေးမြကြည်စင်သော အငွေ့အသက်သည် အနားသို့ တစ်မုဟုတ်ချင်း ရောက်လာသလို ကျွန်မကိုယ်ကို လွမ်းခြုံလျက်။ ထိုစဉ်အခါတွင် အာရုံကို တစ်ဖန်နှိုးသည့် အဖြူနှင့် အစိမ်း အရောင်တို့သည် အတိတ်ကြေးမုံပြင်ဝယ် တဖျပ်ဖျပ် လွင့်နေလေ၏။

ထိုအချိန်သည် ကျောင်းဖွင့်ချိန် ဖြစ်၏။

ကျွန်မဘဝတွင် ဘွားအေ၏ လက်ကို အားကိုးတကြီး ဆုပ်ကိုင်မိသည့် အမှတ်ရဆုံး အဖြစ်အပျက်မှာ ပထမဆုံး ကျောင်းစတက်ရသည့် နေ့တွင် ဖြစ်သည်။ ဘွားဘွားသည် မမ၏ လွယ်အိတ်ကို လွယ်လျက် (ကျွန်မကတော့ ကိုယ့်လွယ်အိတ် ကိုယ်လွယ်ရပါသည်) မြေးနှစ်ယောက်ကို လက်တစ်ဖက်

mgyoe.com

mgyoe.com

တစ်ချက်က ဆွဲကာ ကျောင်းပို့လေသည်။ ဟုတ်မှန်ရာကို ဝန်ခံရလျှင် ထိုစဉ်က ကျွန်မ ကြောက်နေမိသည်။ ကျောင်းကြီးကို မသွားရသေးခင်ကတော့ ကျောင်းသွားရမည့်နေ့ကို မျှော်ပြီး ပျော်ခဲ့ရသည်။ တကယ်တမ်း ကျောင်းသွားရတော့ ထိုအပျော်တို့သည်လည်း ကျောင်းဝင်းနှင့် ခြေတစ်လှမ်းစာ နီးလာလေ တတိတိနှင့် ကျပျောက်ကုန်လေ ဖြစ်သည်။

ကျောင်းမနေရသေးခင်ကတော့ ကျွန်မထက် တစ်နှစ်နှင့် ရှစ်လကြီးသော မမ ကျောင်းသွားလျှင် သူ ကျောင်းပြန်ချိန်ကို မျှော်ရဖူးသည်။ သူ ပြန်လာလျှင် သူ ရွတ်ပြသည့် ကဗျာများကို နားထောင်ပြီး အမူအရာနှင့် လိုက်ဆိုရသည်။

"မီးငယ်က ဉာဏ်ကောင်းတယ်... သမီး သင်ပေးလိုက်ရင် ချက်ချင်းရတယ် မေမေ"

သည်လိုများ ချီးကျူးခံရလျှင် လူက မြောက်ကြွမြောက်ကြွ ဖြစ်ချင်သည်။ ကြာတော့ မမ ကျောင်းဆင်းချိန်တိုင်းကို မျှော်သည့် အကျင့်ရလာသည်။ နာရီလည်း မကြည့်တတ်သေးသူမို့... တွေ့ရာ လူကြီးတိုင်းကို သုံးနာရီ ထိုးပြီလားဟု မေးတတ်သည်။ နေ့လယ် သုံးနာရီဆိုလျှင် ကျောင်းလွှတ်တတ်သည်ကိုး။

တကယ်တမ်း ကျောင်းစတက်ရသည့်နေ့ကျတော့လည်း နေ့လယ်သုံးနာရီကို မျှော်ရသည်ပင်။ ဘွားဘွားက ကျွန်မ အတန်းရှိရာ (စီ) ခန်းသို့ ပို့ပေးသည်။ ရှေ့ဆုံးခုံတွင် သားသည်မအေများ ကိုယ်စီကိုယ်င ဦးထားကြသည်။ အစဦးဆုံးနေ့မို့ လိုက်ပို့သည့် မိဘများနှင့် ကလေးများ၊ ဆရာများ အခန်းကျဉ်းလေးထဲတွင် ပွတ်ခတ်နေလေသည်။ ဘွားဘွားမှာ ကျွန်မ နေရာရရေးအတွက် ခုံလိုက်ရှာပေးသည်။ နောက်ဆုံးခုံသာ ရတော့သည်။ သူ့ခမျာ ကျွန်မ ခုံရရေးအတွက် လုံးပန်းနေရသော်လည်း ကျွန်မကမူ "သုံးနာရီထိုးဖို့ အကြာကြီး စောင့်ရဦးမှာလားဟင်" ဟုသာ တတွတ်တွတ် မေးမိသည်။

"အေး.. ကြာဦးမှာ... နေ့လယ် ထမင်းစားဆင်းချိန်ကျရင် လာကြိုမယ်လေ... ညည်းအစ်မက ညည်းကို ဒီမှာ လာခေါ်လိမ့်မယ်.. မမ လာမခေါ်မချင်း ဘယ်မှမသွားရဘူးနော်... ညီအစ်မနှစ်ယောက် အတူတူ ထွက်လာကြ... ငါ ကျောင်းရှေ့မှာ စောင့်နေမယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


ဘွားဘွားသည် ပြောပြောဆိုဆို သူ့ချွေးခံအိတ်ထဲကနေ ငါးမူးတစ်စေ့ ထုတ်ပေးသည်။ မုန့်ဖိုးတဲ့။ ကျွန်မမှာ ထိုမူးစေ့ကို ကြည့်လိုက်၊ အတန်းထဲကို ပြန်ကြည့်လိုက်နှင့် လှိုက်လှိုက်ပြီး ဝမ်းနည်းလာသည်။ မကြာပါ။ ကျောင်းတက်ခါနီးချိန်တွင် မေမေ ရောက်လာပြန်သည်။ ဘဝတစ်သက်တာတွင် မိခင် ဆိုသည်ကို ယခုမှပင် ပထမဆုံး မြင်တွေ့ဖူးရသည်မို့ ဝမ်းသာရသလိုမျိုးကို လှိုက်လှိုက်လှဲလှဲ ရှိခဲ့သည်။ မေမေ့လက်ကို တင်းတင်းဆုပ်မိသည်။ အိမ်မှာဆိုလျှင် ခုနစ်အိမ်ကြား အော်ငိုတတ်သူက ကျောင်းဝင်းတွင် ရှိုက်သံသဲ့သဲ့မျှသာ ထွက်နိုင်သည်။ မငိုဝံ့၊ အသံတောင် ရဲရဲ မထွက်ဝံ့။

"မငိုရဘူးလေ သမီး…နော်‥ လိမ္မာတယ်… သမီးအတွက် မေမေက ကွန်ပါဘူး လာပေးတာ"

ဒေါင်းရုပ်လေး ပါသော သံကွန်ပါဘူးလေး ဖြစ်သည်။ တရုတ်ပန်းချီကားများထဲတွင် မြင်နေကျပုံစံကဲ့သို့ မြိုင်ယံစွန်းသည် စိမ်းညို့ပြီး မြူခိုးတွေဝေနေပါသည်။ ထိုတောအုပ်အလယ်မှာမှ ဥဒေါင်းသည် လည်ကို ကြော့ကြော့မော့လျက် ဟန်ချီထားပါသည်။ ကွန်ပါဘူးကို မြင်သည့်အခိုက် တစ်ခဏတော့ အာရုံပြောင်းသွားသော်လည်း မြဲမြဲဆွဲကိုင်ထားသော မေမေ့လက်ကိုမူ မလွှတ်မိ။

"ကျောင်းတက်တော့မယ် သမီးရဲ့… မငိုရဘူးနော်‥ ဆိုင်ကို ဒီအတိုင်း ပစ်ထားခဲ့ရတာ… မေမေ သွားတော့မယ်… မငိုရဘူးနော်"

မေမေသည် "မငိုရဘူးနော်" ဆိုသည့် စကားကို ထပ်တလဲလဲ မှာရင်း နောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ကျောင်းဝင်းကနေ ခွာလေသည်။ မေမေ့၏ နောက်ကျောပြင်ကို ကြည့်ရင်း မိခင်ကို တစ်သက်လုံး ပြန်မတွေ့ရတော့မှာလိုပင် တအိအိ ဝမ်းနည်းမိသည်။ ပထမဆုံး ကျောင်းစတက်ရသည့်နေ့သည် ကျွန်မငယ်ဘဝတွင် အသံအတိတ်ဆုံးနေ့ ဖြစ်လိမ့်မည် ထင်သည်။

"နာမည် ဘယ်လိုခေါ်လဲ"

ဆရာမ အမေးကို ဖြေဖို့ရာ ကျွန်မမှာ အာစေးမိနေသလို နှုတ်ကိုဟဖို့ပင် ခဲယဉ်းနေခဲ့သည်။ အသံတို့သည် မဟာအဝီစိသို့ နစ်ဝင်ကုန်ပြီလားမသိ။

"ဆရာမက နင့် နာမည်ကို မေးနေတာ… ငါ့ နာမည်က လှဲ့ဝါအေး"

mgyoe.com

mgyoe.com

ဘေးက သူငယ်ချင်းက ကျွန်မဘက်ကို လှည့်ပြီး ရှင်းပြသည်။ သူက ၈၈ အရေးအခင်းဖြစ်သဖြင့် ကျောင်းတွေ ပိတ်ကုန်၍ သည်တစ်ခေါက် သူငယ်တန်းက သူ့အဖို့ ဒုတိယမြောက်အတန်း။ သည်တော့ သူက ကျွန်မထက် လူရည်လည်သည်။

"ငါ့နာမည်လည်း လဲ့ဝါအေးပဲ"

သူငယ်ချင်းကို ကျွန်မ ပြန်ပြောလိုက်တဲ့အသံ ဆရာမ ကြားသွားသည်။

"နှစ်ယောက်စလုံး လဲ့ဝါအေး ဖြစ်လို့ မရဘူးလေ၊ ကဲ… ထား တော့ ထားတော့…"

လဲ့ဝါအေးက ကျွန်မဘက်သို့ လှည့်ပြီး မျက်စောင်းထိုးသည်။ "ငတုံးမ" ဟုလည်း မကြားတကြား ပြောသည်။ ပုံမှန်ဆိုလျှင် စွာကျယ်ကျယ်နိုင်လှသော်လည်း ထိုတစ်ခေါက်တွင် ကျွန်မမှာ ခွန်းတုံ့မပြန်နိုင်ချေ။ အလိုလို နေရင်းသာ ငိုချင်နေမိသည်။ နောက်တော့မှသာ လဲ့ဝါအေးသည် ကျွန်မ၏ အရင်းနှီးဆုံး ငယ်ပေါင်းဖော်တစ်ဦး ဖြစ်လာခဲ့ပါသည်။

ကျွန်မမှာ ကျောင်းမှာတင် အသံတိတ်သည် မဟုတ်၊ အဲသည်နေ့က အိမ်မှာလည်း ငြိမ်ကုတ်နေခဲ့သည်။ ဘဘက မြေးဖြစ်သူကို "အလကားပါဟာ… အိမ်မှာပဲ ကျယ်တဲ့ အိမ်ကျယ်မပါ" ဆိုပြီး မခံချင်အောင် စနောက်သည်ကိုပင် မကြားဟန်ပြုခဲ့သည်။ တကယ်တော့ ရှေ့တိုးမယ့် ဆင်က နောက်တစ်လှမ်း ဆုတ်တာရယ်ပါ။ ကျွန်မ၏ ပညာခန်းက နောက်တစ်ရက်ကျမှ အစွမ်းပြလေ သည်ကိုး။

ကျောင်းဖွင့်ရက် ဒုတိယနေ့ကစပြီး ကျောင်းသွားခါနီးတိုင်း အိမ်တွင် ငိုချင်းချ ပွဲကြီး ဆင်နွှဲပါသည်။ ပုံမှန်ဆိုလျှင် ဘွားဘွားက မြေးတွေကို မနက်စာ ကျွေးပြီး ကျောင်းပို့၊ ကျောင်းကြို တာဝန်ယူရသည်။ ကျွန်မက ဘယ်လို နှိုးနှိုး မကြားဟန်ဆောင်ပြီး ပေကတ်အိပ်တတ်သဖြင့် မမကို ကျောင်းအရင် ပို့ရပါသည်။ နောက်တော့ တမင်သက်သက် ကျွန်မ လူလည်ကျနေတာကို မေမေ ရိပ်မိပြီး အိပ်ရာပေါ်ကနေ ဆွဲထူပါသည်။ ဖွတ်ပေအိပ်လျှင်တော့ ကြိမ်စာ အကျွေးခံရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မ၏ ငိုချင်းချပွဲမှာ မျက်နှာသစ်၊ သွားတိုက်ကတည်းက အစ ပြုသည်။ တဟီးဟီး ငိုကာ သွားကို မပြီးစတမ်း တိုက်နေသဖြင့် မေမေ ကျွန်မကို စိတ်မရှည်နိုင်တော့။ သူကိုယ်တိုင် ဝင်ပြီး ဆိုးဆိုးဆတ်ဆတ် မျက်နှာ ဝင်သစ်ပေးသည့် အခါမျိုးလည်း ရှိသည်။ ပြီးလျှင် ကောက်ညှင်းပေါင်းနှင့် အကြော်ကို ဇွတ်ကျွေး၏။

"အေး… မစားလို့ကတော့ ငတ်မယ်နော်"

မေမေ့ ရာဇသံကြောင့် ကျွန်မသည် မျက်ရည်မကျဘဲ တဟီးဟီး ငိုချင်ယောင်ဆောင်လျက်က ကျွေးသမျှကို ကြောက်ကြောက်နှင့် အမြန် သွတ်ရသည်။ ပြီးလျှင် ပျစ်နေအောင် သွေးပေးထားသည့် သနပ်ခါးတွေကို မေမေက လက်ညှိုးနှင့် ကော်ကာ ကျွန်မ မျက်နှာပေါ်သို့ တင်ပြီးနောက် လက်ဖဝါးနှင့် ခပ်ကြမ်းကြမ်းပွတ်ပြီး ပါးကွက်ကြီးကြီး ကွက်ပေးသည်။ ပဲကြီးအိုးမှောက် သနပ်ခါးလိမ်းပေးသည် ဆိုသည့်ပုံမျိုး အမှန်ဖြစ်သည်။ နှုတ်ခမ်းတွေရော၊ မျက်ခုံးတွေနေရာပါ မကျန် သနပ်ခါးများ ဖွေးနေသည်။ ဟနေသော မျက်လုံးနှစ်ပေါက်မှာတော့ ကျလုကျခင် မျက်ရည်တို့က ဝေ့သီ ဝေ့သီနှင့်။

သည့်နောက်မှာတော့ ဘွားဘွားဆီသို့ သွားရပါသည်။ ဘွားဘွား က ခရေပန်းခြောက်များ စိမ်ထားသည့် အုန်းဆီကို ကျွန်မ ဦးရေပြားပေါ် လိမ်းပေးပါသည်။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ… ဓမ္မံသရဏံ ဂစ္ဆာမိ… သံဃံသရဏံဂစ္ဆာမိ… ကျန်းမာပါစေ… ဘေးကင်းပါစေ… ကိုင်း… သွားတော့အေ…"

ဆိုသည်က မြေးတွေကို အုန်းဆီလူးပေးတိုင်း ဘွားဘွား ဆုတောင်း ပေးသည့် စကား။ အဘွားဆီကနေ အုန်းဆီလိမ်းပြီး ဆုတောင်းသံ ကြားရပြီ ဆိုသည့်အချိန်ကစပြီး တာစူနေသည့် ကျွန်မ၏ မျက်ရည်တို့မှာ ပိုးပိုးပေါက် ပေါက် တိုးလျှိုပေါက် ကျတော့သည်။

"ဒီကောင်မလေးဟာလေ… မသိရင်… ကျောင်းသွားမယ့်ဟာ သူ့ကို သေရွာပို့တဲ့အတိုင်း… ငါက သရဏဂုံ တင်ပေးလိုက်လို့ သူ့မှာ ငိုရ သလိုပဲ"

mgyoe.com

mgyoe.com

ဘွားဘွား ဘယ်လိုပြောပြော ကျွန်မကတော့ ငိုသည်။ အုန်းဆီလူးပြီး နောက် မေမေက "ကဲ… လာခဲ့… မြန်မြန်" ဟုဆိုကာ ဆောင့်ဆွဲခေါ် လိုက်သည့် အချိန်တွင် ကျွန်မ၏ ငိုချင်းက အထွတ်အထိပ်သို့ ရောက်လေသည်။ ဈေးဆိုင်ခန်း အလယ်က သစ်သားတိုင်ကို အားကုန် ဖက်ထားကာ "မသွားဘူး… မသွားဘူး‥" ဆိုပြီး တစ်လမ်းလုံး ကြားအောင် အော်ငိုသည်။ အမေက ဖွတ်ဆွဲ၊ သမီးက မြေပြင်ပေါ် လူးလိမ့်၊ တရွတ်တိုက်ပါသွားနှင့် အတော်ရုပ်ပျက်လှသည်။

ကျောင်းသို့ ရောက်လျှင် သနပ်ခါး တစ်ဝက်မှာ ပျက်နှင့်ပြီ။ အတန်းထဲတွင် ဆရာမရှေ့မို့ အသံမထွက်ဝံ့သော်လည်း ငိုကြောရှည်လိုက်ပုံက မုန့်စားဆင်းချိန်အထိ ရှိုက်ရှိုက်နေဆဲ။ အနားက သူငယ်ချင်းတွေက မနေသာ၍ သူတို့မှာ ပါသည့် မုန့်တွေ ထုတ်ကျွေးလျှင်တောင် ကျွန်မက စားလည်း စား၊ ငိုလည်းငို ဆိုသည့်အထဲမို့ အငိုမပျက်ဘဲ စားနိုင်သည်။

"သူ့ ကျောင်းပို့ရတာကလည်း ဝက်သတ်ရတဲ့အတိုင်းပဲ… မောလိုက်တာ"

အမေနှင့် အဘွား ဘယ်လိုညည်းညည်း ကျွန်မကတော့ သမိုင်းအပျက် မခံခဲ့ပါချေ။

"ငါ့မြေးရယ်… ညည်း နေ့တိုင်း ငိုရတာ မမောဘူးလား'

ဘဘက တစ်ခါတစ်ရံ ထိုသို့ မေးတတ်သည့်အပြင် "တစ်ရက်တလေ… ကျောင်းလွှတ်မနေပါနဲ့ဟယ်" ဟုလည်း ကျွန်မဘက်က စစ်ကူတတ်သေးသည်။ ကျွန်မ ငိုသည့်အကျင့်က အတော်လေးကြာမှ ပျောက်သည်။ ဒါကလည်း အတန်းထဲက လူတွေ အရယ်ခံရလို့ရယ်ပါ။

ထိုနေ့က ဆရာမက ကျွန်မကို စာဖတ်ပြခိုင်းသည်။ မျက်ရည်စက်လက်နှင့် ငိုရှိုက်လျက်ကြားက "ညအခါ‥ ဟီးဟီးဟီး‥ လသာသာ ဟီးဟီး‥ ကစားမလား‥ဟီးဟီး" တဟီးဟီးနှင့် ထိုသို့ ရှိုက်နေသဖြင့် တစ်တန်းလုံးက သဘောကျပြီး ရယ်ကြသည်။ ထိုကတည်းက ကျွန်မမှာ ချက်ချင်း မျက်ရည်သုတ်ပြီး မည်သည့်အခါမှ ထပ်မငိုတော့ပေ။

ကျွန်မ ငိုတိုင်း စနောက်လေ့ရှိသည့် လူတွေကို ကလေးစိတ်နှင့် ထိုစဉ်က အလွန်မျက်မုန်းကျိုးခဲ့ဖူးသည်။ ထိုအထဲတွင် အိမ်နီးချင်း ဘိုးတိမ်ညွန့်

mgyoe.com

mgyoe.com
SAMPLE BOOK


လည်း ပါသည်။ ကျွန်မကို တွေ့တိုင်း သူက မကြားတကြား နောက်တတ်သည်။

"ဟိုနေ့က ဘယ်အိမ်က အလျှုလဲ မသိပါဘူးကွာ… ဗြောတီးသံကြားရတယ်ဟေ့"

"ဗြောကလည်း နာမည်ကြီး ဗြောထင်ပါရဲ့… ဆိုပြော ငိုပြောလေးနဲ့ဟ"

အစက ဘိုးတိမ်ညွန့် ပြောတာကို ကျွန်မ သဘောမပေါက်ပေမယ့် ဘွားဘွားက မဲ့ရွဲ့ပြီး ရှင်းပြသည်။

"အဲဒါ ညည်းကြောင့်၊ ကြည့်ပါလား…. ဘေးအိမ်တွေကတောင် ပြောကုန်ပြီ… ကိုယ် အရိုက်ခံရတာကို လူသိအောင် ငိုရတယ်လို့ အံ့ပါ့"

သည်လိုနှင့် ကျွန်မမှာ ဘိုးတိမ်ညွန့်ကို အလွန်အမြင်ကတ်သည်။ သူပြောပြော၊ မပြောပြော သူ့ကို မြင်သည်နှင့် ကျွန်မက မျက်စောင်းထိုး၊ နှုတ်ခမ်းစူပြီး မျက်နှာလွှဲပစ်တတ်သည်။ သူကလည်း ကျွန်မကို စလို့ကောင်းသည့် ကလေးဟု ထင်ဟန်ရှိသည်။ တွေ့တိုင်း တစ်ခုမဟုတ် တစ်ခု ကလိတတ်လေသည်။ ဒါကို ကျွန်မက စွဲနေအောင် မှတ်ထားတတ်သည်။ နောင်များမှာတော့ ကျွန်မကို ဆူသူ၊ ရိုက်သူ၊ မခံချင်အောင် စနောက်သူ အပေါင်းကို ပညာပေးလို့ ရမည့်နည်းကို တွေ့ခဲ့သည်။

သည့်နောက်တွင် အရိုက်ခံရလျှင် ကျွန်မ မငိုတော့ပေ။ အိပ်ခန်းထဲသို့ ပြေးဝင်ကာ တံခါးကို အထဲကနေ ချက်ထိုး၍ မကျေနပ်သမျှ ထိုင်အော်တတ်သည်။

"ဒေါ်တင်ညွန့် … သူများသားသမီး နှုတ်ခမ်းနီဆိုးတာကို မြန်မြန်ယောကျ်ားရမယ် ပြောတာ… သူကျတော့ ၁၇ နှစ်နဲ့ ယောကျ်ားယူပြီး ကလေး ခြောက်ယောက်တောင်…မွေးပြီးတော့… ညညကျတော့ ဘော်လီလည်း ဝတ်မအိပ်ဘူး… မဘီး‥ (မေမေ့နာမည်ပါ)… ရိုက်တယ်နော်… အဲလို ရိုက်လို့ … မနက်ဖြန်ကျရင် ဈေးရောင်းမကောင်းပါစေနဲ့ … ဟိုဘက်အိမ်က … ဘိုးတိမ်ညွန့်….သူများ သားသမီး အရိုက်ခံရတိုင်း … ဝမ်းသာမနေနဲ့… ခင်ဗျားသမီးတွေ ဒေါ်နုမေဆီက အင်္ကျီဟားဝတ်ပြီး ကြွားကြွားနေတာ… တစ်ရပ်ကွက်လုံး သိတယ်" စသည်ဖြင့် အော်တတ်သည်။

mgyoe.com

mgyoe.com


လူကြီးများက "တံခါးဖွင့်စမ်း" ပြောလည်း လုံးဝမဖွင့်ပေးတတ်၊ လက်နက် မချတတ်ပေ။ သည်ယုန်ကို မြင်ပြီး သည်ချုံကို ထွင်ခဲ့သူမို့ ကျွန်မမှာ လက်နက်အပြည့်အစုံကို အစောကြီးကတည်းက စုဆောင်းထားပြီးသား။ မေမေ့ ဈေးဆိုင်ခန်းထဲကနေ စားစရာ၊ သောက်စရာတွေကို တိတ်တိတ်ယူထားပြီး အိပ်ခန်းထဲမှာ ဖွက်ထားနှင့်ပြီးပြီ။ စားလိုက်၊ သောက်လိုက်၊ အော်ပြောလိုက်နှင့်။ ခဏနေ တစ်ရေး အိပ်ပျော်သွားလိုက်၊ နိုးလာလျှင် လမ်းထိပ် အအေးဆိုင်ကနေ ပျံ့လွင့်လာသည့် ဟေမာနေဝင်းသီချင်းကို လိုက်ဆိုလိုက်နှင့်... အတော်လေး ဟန်ကျနေသည်။ သတိရလျှင် အဘွား၊ အမေနှင့် ဘိုးတိမ်ညွန့်ကို အစကနေ ပြန်ကောက်ပြီး ရာဇဝင်ဖော်ပြန်သည်။ ဘဘကတော့ အခန်းအပြင်ကနေပြီး တဟားဟား ရယ်နေတတ်ပေမယ့် ဘွားဘွားကတော့ ကြိတ်မနိုင်ခဲမရ ဖြစ်နေတတ်သည်။

"အော့ကြောလန်မ ပါတော်... အော်ဝမ်းကျမနယ်"

မေမေကလည်း တစ်ခါတလေတော့ စိတ်ပျက်လက်ပျက် ညည်းသည်။

"ရိုက်တော့လည်း ရိုက်တယ် ဖြစ်တယ်... ဆိုးလိုက်တာလည်း လွန်ရော..."

"အေး... နောက်တစ်ခါ ပြောစကား နားမထောင်လို့ကတော့ နော်... သူများကို ပေးပစ်လိုက်တော့မှာ... ဒီအိမ်မှာ မထားဘူး"

သည်လိုပြောလျှင်တော့ တစိမ့်စိမ့်ဝမ်းနည်းမိသည်။ အသံမထွက်ဘဲ မျက်ရည်ပေါက်ပေါက် ကျတတ်သည်။

"မျက်လုံးထဲမှာ မျက်ရည်တွေ တဖြည်းဖြည်း တအိအိ ပြည့်လာပြီး တစ်ပေါက်ချင်း တလိမ့်လိမ့်ကျတာ.. သူက မင်းသမီးလေ... မင်းသမီး"

မေမေက ကျွန်မကို မချော့သည့်အပြင် ဆိုင်မှာ ဈေးလာဝယ်သည့် သူတွေကို ကျွန်မအကြောင်း ဟာသလုပ် ပြောတတ်သေးသည်။

သည်လို အခါဆိုလျှင်တော့ "မို့မို့မြင့်အောင် မျက်ရည်တစ်ဖက်ပဲ ကျပြီး ငိုတာက ငါနဲ့တူလား မသိဘူး" ဆိုသည့် ပေါက်ပေါက်ရှာရှာ အတွေးမျိုးလည်း ရှိခဲ့ဖူးသေးသည်။ လှလှပပ ငိုရန် မည်သို့ပင် စိတ်ကူးထားပါစေ၊ အကြောင်းကြုံလာတိုင်း မြေပေါ် လူးလိမ့် အာခေါင်ခြစ်ငိုတတ်သည့် အကျင့်၊

mgyoe.com

mgyoe.com SAMPLE BOOK


တစ်နေကုန် တအီအီ ဆွဲပြီး အခန်းဆက်လို အပိုင်းခွဲကာ ငိုတတ်သည့် အကျင့်မှာ မပျောက်ပါ။ လူကြီးတွေကလည်း ကျွန်မကိုဆိုလျှင် အလွန် စ ချင်ကြသည်။ တစ်ခါတလေ ကျွန်မမှာ ငိုရင်း မောလာသဖြင့် ရေသောက်ပြီး မုန့် ထိုင်စားကာ တစ်ထောက်နားနေလျှင်တောင်မှ "ဟ... ငိုတာ ပြီးသွားပြီလား" ဆိုသည့် အပြောမျိုးဖြင့် သတိရအောင် လာဆွပေးကြသဖြင့် စိတ်တိုတိုနှင့် ဆက်ငိုပေးရပြန်ပါသည်။

⁂

ကျောင်းမှာ အသားကျလာသည့် နောက်ပိုင်းမှာတော့ ငိုသံစဲလာလေသည်။ အိမ်မှာ ကစားချိန် နည်းလာသဖြင့် မိခင်ကြီး၏ အထုအထောင်း၊ အဆွဲအလိမ် ခံရခြင်းမှလည်း နည်းနည်းကင်းလွတ်လာ၏။ စနေ၊ တနင်္ဂနွေနေ့များတွင် ငိုခြင်းထက် တီဗွီကို ငြိမ်ငြိမ်ဆိမ်ဆိမ် ကြည့်တာက ပိုများလာသည်။ စနေနေ့ နေ့လယ်ခင်းဆိုလျှင် မြန်မာ့ရုပ်မြင်သံကြားက လွှင့်သည့် Telematch ကို အလွန်ကြိုက်ပါသည်။ အပ်ကျမပ်ကျ နားမလည်သော်လည်း အရုပ်ကြီးတွေ တလှုပ်လှုပ်နှင့် ပုံရိပ်များက ကျွန်မအဖို့ အလွန်ဆွဲဆောင်မှု ရှိခဲ့သည်။ တနင်္ဂနွေနေ့လယ်တွင် ပြသည့် အဖြူ၊ အမည်း ရုပ်ရှင်ဇာတ်ကားများကိုလည်း ငြိမ်ငြိမ်လေး ထိုင်ကြည့်တတ်လာသည်။ ပြီးလျှင်တော့ ရုပ်ရှင်ထဲက မင်းသား၊ မင်းသမီး သရုပ်ဆောင်သလို လိုက်လုပ်ကြသည်။

ကျွန်မဘဝတွင် ရုပ်ရှင်ထဲကလို လိုက်လုပ်သဖြင့် မှတ်မှတ်ရရ နှစ်ခါ အရိုက်ခံရဖူးသည်။ ပထမတစ်ခါက မင်းသား ဇော်ဝမ်း၏ 'သူရဲကောင်းလေးများ' ဇာတ်ကားကို ကြည့်ပြီး ရုပ်ရှင်ထဲမှာ ဇော်ဝမ်း လေထီးစီးပြီး ခုန်ချသလို ကျွန်မလည်း အဖေ့ပုဆိုးပောင်းကို စူပါမင်း ဝတ်ရုံလို လုပ်ကာ လည်ပင်းမှာ သိုင်းချည်၍ အိမ်လှေကားတစ်ဝက်ကနေ ခုန်ချလို့ပါ။

ဒုတိယတစ်ခါက မင်းသားညွန့်ဝင်းနှင့် မင်းသမီးနွဲ့နွဲ့မူတို့၏ "ချစ်တတ်လာသော နှလုံးသား" ဇာတ်ကားနှင့် ပတ်သက်သည်။ အဲသည် ဇာတ်ကားထဲမှာ မင်းသားကြီး ဦးညွန့်ဝင်းက မျက်စိအလင်းကွယ်သူ၊ မင်းသမီးကတော့ သူ့ကို ပြုစုစောင့်ရှောက်သူပေါ့။ ကျွန်မတို့ ညီအစ်မ

mgyoe.com

mgyoe.com

နှစ်ယောက်မှာ ရုပ်ရှင်လည်း ပြီးရော မျက်မမြင်တွေ ဖြစ်ကုန်ကြတော့သည်။ မမကလည်း နံရံကို တစမ်းစမ်း လုပ်ပြီး "ညီမလေးရေ… ညီမလေး… နင် ဘယ်မှာလဲ" ဆိုပြီး သရုပ်ဆောင်သည်။ ကျွန်မကလည်း မခေပါ။ ခေါင်းတမော့မော့လုပ်ပြီး မည်သည့်အရာကိုမျှ မမြင်ရတော့ စမ်းကာ စမ်းကာနှင့် "မမ… မမ ငါ နင့်ကို မမြင်ရတော့ဘူး" ဆိုပြီး ဟန်ဆောင်သည်။ သည်လို မျက်စိ မမြင်တမ်း ကစားကြသည်ကို ဘွားဘွား သိတော့ မလုပ်ကောင်းတာ လုပ်ရမလား ဆိုသည့် စွဲချက်နှင့် ဒဏ်ပေးခံရပါသည်။

သို့ပေမဲ့ ကျွန်မတို့ ပျော်ခဲ့ပါသည်။ အဆုံးအစမဲ့ လွတ်လပ်ခြင်းကို ပိုင်ဆိုင်ခဲ့ရ၏။ ညတိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ရသည်။ အရုဏ်ဦးကို ကြည်ကြည်လင်လင် နှုတ်ခွန်းဆက်နိုင်ခဲ့သည်။ ရခဲ့ဖူးသော ကြိမ်ဒဏ်သည် အသားစိုင်အပေါ်တွင်သာ ရက်ပိုင်းမျှ ထင်ကျန်ခဲ့ပါသည်။ ကျခဲ့ရသော မျက်ရည်သည် သောကမစွက်သဖြင့် အလျင်အမြန် ခြောက်သွေ့ခဲ့သည်။ ရယ်တစ်ခါ၊ ငိုတစ်လှည့် ကုန်ဆုံးခဲ့သော နေ့ရက်များဟု ဆိုသော်ငြား ဝင်လေ ထွက်လေ ချောင်ချိသော ကာလများမို့ ရယ်သံတွင်လည်းကောင်း၊ ငိုသံတွင်လည်းကောင်း အလှည့်အဖြား ကင်းခဲ့ပါသည်။

ငြိမ်းချမ်းသော မြို့ပြတွင် ကြီးပြင်းရသူမို့ ၁၉၄၀ ပြည့်နှစ်ဝန်းကျင်တွင် လှိုင်းလေမငြိမ်သည့် နိုင်ငံရေးအလှုပ်အခတ်များချိန်တွင်တောင် ကျွန်မတို့ ကလေးတစ်သိုက်က စစ်ပွဲ ဆိုသည်ကို ကစားနည်းတစ်ခုထက် ပိုပြီး မမြင်တတ်ခဲ့ချေ။ ဘဘ၏ ရေဒီယိုသတင်းတွေ၊ လူကြီးချင်း ပြောနေကြသည့် စကားတွေကို နားစွန်နားဖျား ကြားပြီး ကျွန်မတို့မှာ ဖြောင်းဆန်အောင် စစ်တိုက်တမ်း ဆော့ကြသည်။ အင်္ဂလိပ်နှင့် ဂျပန်၊ ကေအန်ယူနှင့် ဗကပ၊ မဆလနှင့် ရောင်စုံသူပုန် စသည်ဖြင့် နှစ်ယောက်တစ်တွဲ စိတ်ကူးတည့်ရာတွေ နာမည်မှတ်ပြီး ခေါင်းသူကြီးနှစ်ဦးက သူတို့ကြိုက်ရာလူကို ရွေးကြရသည်။ တစ်ခါတလေ ဂျပန်ရယ်၊ ဗကပရယ်၊ မဆလရယ်က တစ်ဖွဲ့၊ အင်္ဂလိပ်၊ ကေအန်ယူနှင့် ရောင်စုံသူပုန်တို့က တစ်ဖွဲ့ ဆိုပြီး နှစ်ဖွဲ့ခွဲကာ ကစားကြသည့် အခါမျိုးလည်း ရှိသည်။ ပြင်ပမှာ မည်သို့ပင် ကွဲကြကွဲကြ၊ ကျွန်မတို့ ကစားကြလျှင်တော့ ညွန့်ပေါင်းတပ်တွေ ဖြစ်ကုန်ကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


“စစ်ဖြစ်တယ် ဆိုတာများ... ညည်းတို့တစ်တွေက ပျော်စရာမှတ်နေလား... တောင်မင်းကို ရှိခိုးရမလား၊ မြောက်မင်းကို ရှိခိုးရမလား မသိနိုင်ဘူး... ဘယ်သူ့ကို ဖအေ ခေါ်ရမှန်းမသိ ကြောက်နေရတာ”

သည်လိုနှင့် ဘွားဘွား၏ စစ်ပြေး အတွေ့အကြုံများသည် ကျွန်မတို့အတွက် အိပ်ရာဝင်ပုံပြင် ဖြစ်ခဲ့ရဖူးသည်။ အင်္ဂလိပ်ခေတ်က ဘယ်လို၊ ဂျပန်ခေတ်က ဘယ်လို၊ ဘဘတောခိုတုန်းက တောထဲကို ဘွားဘွားလိုက်သွားတုန်းက ဘယ်လိုဘယ်ပုံဆိုပြီး ဘွားဘွားက ထွေထွေရာရာ ပြန်ပြောင်းပြောပြတိုင်း ကျွန်မမှာတော့ အိမ်မှာ ဗုံးခိုကျင်းတူးဖို့ကိုချည်း စိတ်စွဲနေတော့သည်။

သည့်အပြင် ကိုယ့်ကိုယ်ကိုယ်လည်း ဂျပန်ခေတ်ကို နာမည်ပြောင်းထားသည့် ခေတ်မှာ နေထိုင်နေရဆဲဟု ထင်နေသည်။ သည်လောက်အထိ ဂျပန်ခေတ် ကာလဆိုးက ကျွန်မအတွေးကို လွှမ်းမိုးနိုင်စွမ်း ရှိသည်။ ဘွားဘွားတို့ စစ်ပြေးစဉ်က ရွှေနှင့် လက်ဝတ်ရတနာများကို ရွာက အိမ်အောက်တွင် မြှုပ်ခဲ့ရသည်။ စစ်ပြီးလို့ ပြန်လာချိန်မှာ မြှုပ်ထားသည့် ရတနာများကို ပြန်ရှာ၍ မတွေ့တော့ ဆိုသည့် ကိစ္စကလည်း ကျွန်မအာရုံကို အတော်ကြီး ရစ်ပတ်နေခဲ့ဖူးသည်။ ဒါနှင့်ပဲ စစ်အတွင်းက ရတနာတွေကို ရှာဖွေရန် ဆိုသည်မှာ ကျွန်မ၏ ရည်မှန်းချက်တစ်ခု ဖြစ်လာခဲ့ပြန်သည်။

တောင်တောင်ဤဤ မရေမရာ ဤစိတ်ကူးယဉ်မှုသည် လေနီကြမ်းက တစ်ချက်မွှေယမ်းလိုက်သည်တွင် အခိုးအငွေ့လို ပျောက်ကွယ်ကုန်သည်။ ဂျပန်အစိုးရလက်ထက် ဆိုသည်မှာ လွန်လေခဲ့ပြီးပြီဖြစ်ကြောင်းကိုလည်း ထိုအခါကျတော့မှ ထင်းထင်းမိမိ သိရတော့သည်။

ထိုနေ့သည် ထုံးစံအတိုင်း မီးပျက်သောည ဖြစ်သည်။ သန်းခေါင်ယံအချိန်တွင် ရပ်ကွက်ထဲက ရန်လိုစူးစမ်းစိတ်ဖြင့် ထိုးဟောင်သော ခွေးတစ်အုပ်၏ တပ်လှန့်သံသာလျှင် အကျယ်ဆုံး ဖြစ်ခဲ့သည်။ မဖိတ်ခေါ်ခဲ့သော လူတစ်အုပ်သည် အိမ်တံခါးကို ခပ်ပြင်းပြင်းခေါက်ခဲ့သည်။ သည့်နောက် ဖေဖေ့ကို သူတို့မေးသည်။ လူရှိနေလျှင် ထုတ်ပေးပါဟု သူတို့ ပြောသည်။ မတတ်သာသည့်အဆုံး ထိုလူအုပ်စုနှင့်အတူ ဖေဖေ လိုက်သွားရသည်။ လူစိမ်းတို့နှင့် ဘယ်ဆီ

mgyoe.com

mgyoe.com

ကိုမှန်းမသိ လိုက်သွားရသော သားဖြစ်သူကို ကြည့်ပြီး ဘွားဘွား ဆို့ဆို့ နင့်နင့် ငိုခဲ့သည်။

"ငါ့သားလေး… ဘေးမသိ ရန်မခပါစေနဲ့… ဒီတစ်သက် ပြန်တောင် တွေ့ရပါ့မလား"

ငိုရင်း ညည်းရင်း ဘွားဘွား၏ သောကမီးညွန့်တို့က တအိအိ ကြီးထွားလာလေသည်။ သည့်နောက် နောက်ရက်ကစပြီး ဘွားဘွား အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့သည်။ သတိရ တစ်ချက်၊ မရ တစ်ချက်နှင့် သူ့ကျန်းမာရေး အခြေအနေသည် တစ်နေ့ ရွှေ၊ တစ်နေ့ ငွေ ဖြစ်နေလေသည်။ အနည်းငယ် သတိရရုံမျှပင် မျက်စိမျှ မပွင့်နိုင်မီကပင် "သား… သား" ဟု တဖွဖွ မြည်တမ်းသည်။ ဘွားဘွား ကျန်းမာရေးကြောင့် မေမေသည် ထိုရက်ပိုင်း ဆိုင်ပိတ်ထားလိုက်သည်။ ဘဘက ဟုမ္မလင်းဘက် ခရီးလွန်နေ၍ အိမ်မှာ မိန်းမသားများချည်းသာ ကျန်ရစ်သည်။

မေမေသည် ဆိုင်ပိတ်ထားရင်း ဘွားဘွားကို တစ်ဖက်က ပြုစုကာ တစ်ဘက်ကလည်း နာမည်ကြီး ဗေဒင်ဆရာတိုင်းဆီသို့ ရောက်ရသည်။ ဘုရားတကာ သွားပြီး ငှက်လွှတ်ရ၊ ငါးလွှတ်ရနှင့် အလုပ်မအားရအောင် ရှိနှင့်သည်။

"ခေါ်သွားတဲ့ သူတွေက ခဏမေးမြန်းဖို့ နေမှာပါ… သိပ်လည်း စိတ်ပူမနေပါနဲ့"

အကြောင်းသိသော အိမ်နီးချင်းတို့က နှစ်သိမ့်ကြသည်။ လူကြီးတွေ အရိပ်အခြည်ကို ကြည့်ပြီး ကျွန်မလည်း မကစားနိုင်တော့။ ထိုရက်ပိုင်း ကျောင်းသို့ မသွားရသည်ကိုတောင် မပျော်နိုင်ဘဲ စိတ်မှာ ကျပ်တည်းနေခဲ့သည်။

မေမေ အပြင်သွားချိန် ဘွားဘွားကို စောင့်ပေးရတိုင်း သူ့လက်ကို သာသာဆုပ်ပြီး သူ သင်ပေးထားသည့် သမ္ဗုဒ္ဓေဂါထာကိုသာ တွင်တွင် ရွတ်ဖတ်ပေးနေမိသည်။ အစာနှင့်ရေ မဝင်တာ ကြာပြီဖြစ်သဖြင့် ပါးရိုး ထင်းထင်း ပေါ်ကာ မျက်တွင်းဟောက်ပက်ကျနေသော ဘွားဘွား၏ ရုပ်သွင်ကို ကြည့်ပြီး ဘွားဘွားအပေါ် ပထမဆုံးအကြိမ် ကရုဏာသက်မိလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘွားဘွား မရှိတော့လျှင်ဟု တွေးမိလျှင် ''ဟင့်အင်း..ဟင့်အင်း'' ခေါင်းယမ်းမိသည်။

ဟင့်အင်း... ဘွားဘွား မသေရပါဘူး။ ဘွားဘွား မသေနိုင်ပါဘူး။ အင်္ဂလိပ်ခေတ်မှာလည်း မသေခဲ့၊ ဂျပန်ခေတ်မှာလည်း မသေခဲ့၊ တောထဲမှာလည်း မသေခဲ့တဲ့ ဘွားဘွားဟာ ဒီလောက်နဲ့ မသေနိုင်ပါဘူး။ ကျွန်မ ဘွားဘွားကို ချစ်ပါတယ်။ ဘွားဘွားက တခြားသူ မဟုတ်ပါဘူး။ ကျွန်မ ဘွားဘွားပါ။

''ဘွားဘွား... မြန်မြန်နေကောင်းပါတော့နော်... ကျွန်တော် ဘွားဘွားနဲ့ နောက်ဆို ရန်မဖြစ်တော့ပါဘူး''

ကျွန်မ၏ ကတိစကားကို ဘွားဘွား မကြားနိုင်ခဲ့ပါ။ သူ့ အသိအာရုံသည် ''သား'' ဆိုသည့် ပုဂ္ဂိုလ်တစ်ဦးတည်း အပေါ်တွင်သာ တွယ်မှီနေခဲ့လေသည်။ ထူးဆန်းသည်က အမြဲတမ်း ကျောင်းသွားဖို့ရာ အပျင်းထူခဲ့သည့် ကျွန်မသည် လူစိမ်းတစ်သိုက်က ဖေဖေ့ကို စစ်မေးရန် ခေါ်သွားသည့်နောက်တွင် ကျောင်းမတက်ရတော့မည်ကို စိုးရိမ်လာသည်။ ထိုအကြောင်းကို ကျောင်းက သူငယ်ချင်းတွေ သိကုန်မှာ၊ ကျောင်းက ဆရာမတွေ သိကုန်မှာကို စိုးကြောက်ခဲ့သည်။ သူတို့ သိပြီး ကျွန်မကို မခေါ်မပြော ဖြစ်ကြမှာကို မလိုလားပေ။

ကျွန်မ ကျောင်းဆက်တက်ချင်သေးသည်။ သူငယ်ချင်းတွေနှင့် ဆော့ကစားချင်ပါသေးသည်။ ကျောင်းသည် ကျွန်မ၏ ဒုတိယအိမ် ဖြစ်ခဲ့လေပြီ။ နံနက်ခင်းတိုင်းတွင် စာသင်ခန်းထဲကနေ နိုင်ငံတော်သီချင်းကို သီဆိုပြီး နိုင်ငံတော်အလံကို မှန်းဆကာ အလေးပြုရသည့် နေ့ရက်များကို ကျွန်မ တွယ်တာနေပြီဖြစ်ကြောင်း ထင်းထင်းပပ သတိပြုမိခဲ့သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ( ၆ )

## ကစားမလား... နားမလား

ဘွားဘွား နေမကောင်းသော ရက်များသည် ကျွန်မနှင့် ဘွားဘွား ငြိမ်းချမ်းရေး ရသော ကာလများ ဖြစ်ခဲ့သည်။ ဘွားဘွားကို စနှောက်၍ မရတော့သလို ကျွန်မ ပြောသမျှကို စိတ်ဆိုး ဆူပူနေဖို့လည်း ဘွားဘွားမှာ မစွမ်းသာခဲ့။ ခန္ဓာကိုယ်သည် ကြွေလုလုသစ်ရွက်ခြောက်နှယ် လှုပ်လီလှုပ်လဲ့ ပါးလှပ်လှပ် သာ ကျန်တော့သည်။ ဖေဖေ ဘာမှမဖြစ်၊ စစ်မေးရုံသာရှိပြီး မကြာခင် အိမ်ကို ပြန်လာတော့မည် ဟူသော ခိုင်မာသည့် သတင်းစကားကို ကြားရတော့မှ ဘွားဘွား နာလန်ထတော့သည်။ တကယ်လည်း မကြာသော လအနည်းငယ် အတွင်း ကျွန်မတို့ဆီသို့ ဖေဖေနှင့် သူ့မိတ်ဆွေ စာရေးဆရာအချို့ ပြန်ရောက် လာပါသည်။ ပြန်မလာနိုင်သူ အချို့လည်း ရှိခဲ့သည်။

ဘွားဘွား နေကောင်းလာတော့လည်း ထုံးစံအတိုင်း မြေးအဘွား ရန်ဖြစ်ကြသည့် ဇာတ်လမ်းမှာ တစ်ပတ် ပြန်ကျော့လေသည်။ ကျွန်မတို့ အိမ်တွင် ရယ်သံတချို့နှင့် ပြန်လည်ဝေစည်ခဲ့ရသည်။ ထို့အတူ ကျွန်မ၏ ငိုသံမှာလည်း တညံညံ ရှိလာပြန်လေ၏။ သည်အထဲတွင် ကျွန်မ၏ စိုက်ပျိုး မွေးမြူရေး အကြောင်းလည်း ပါလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မ မှတ်မိသလောက် ကျွန်မတို့ငယ်ငယ်က ရုပ်မြင်သံကြား အစီအစဉ်မှာ ည ခုနစ် နာရီကစပြီး လွှင့်သည်။ ''မြန်မာ... မြန်မာ... ကမ္ဘာပေါ်မှာ ကြွားနိုင်စေဖို့ရာ'' ဆိုသည့် စစ်ချီတေးသီချင်းမှသည် တစ်နေ့တာ ရုပ်မြင်သံကြားအစီအစဉ် ပြီးဆုံးသဖြင့် ''ပြီးပါပြီ'' စာတန်းထိုးသည်အထိ မငြီးမငွေ့ ထိုင်ကြည့်ကြသည်။ ဒါတောင် မီးလေးက ရှားရှားပါးပါး သဘော ကောင်းပြီး လာလေဦးမှ။ တီဗွီထဲတွင် ပါသမျှ၊ မြင်ရ ကြားရသမျှကို အကုန်လုပ်ဖူး၊ စမ်းကြည့်ဖူးချင်သည်။ ထိုအထဲတွင် ''စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား'' အစီအစဉ်၏ ဂယက်လည်း မကင်းချေ။

''နိုင်ငံမှာ ကောက်ပဲသီးနှံ ××× အလျှံပယ်အောင် သီးပွင့်ဖြာဝေ××× ရာသီမရွေးဘဲ စိုက်ပျိုးတိုင်း ရနိုင်... သဘာဝတရားက ကောင်းချီးပေးတယ်လေ ××× ဘာသာ သာသနာ ရောင်ဝါမညှိုးတဲ့ မြန်မာတို့တိုင်းပြေ(ပြည်)××× ရတနာမြေမှာ ရတနာမိုးများ ရွာတာ တို့တိုင်းပြေ ××× ရွှေပင်ငွေပင် မြေမှာသီးတဲ့ မြန်မာမြေကြီးတွေ ××× လယ်တွေ ယာတွေ အထွက်တိုးလို့ တောင်သူလယ်သမားတွေ ××× လယ်ယာကိုင်းကျွန်း ဖြစ်ထွန်းအောင် ကြိုးစားပါ ××× ထမင်းရည်ချောင်းစီး အလှူတော် ပေးနိုင်စေ''

အကော်ဒီယံ(ဦး)အုန်းကျော်ကြီးက သည်လို သီချင်းဆိုပြီး တီဗွီ ကနေတစ်ဆင့် နှိုးဆော်လိုက်သည်တွင် ကျွန်မတို့ ကလေးတစ်သိုက်လည်း ပျော်ပျော်ပါးပါးကြီး စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားကြပါတော့သည်။ ဘွားဘွား သိမ်းထားသည့် ခရမ်းချဉ်သီးတွေ၊ ငရုတ်သီးတွေကို ယူပြီး သဲထဲမှာ မြှုပ်ပစ်ကြသည်။ ပြီးလျှင် နေ့စဉ် ရေမှန်မှန်လောင်း၍ အပင်ပေါက်၊ မပေါက် စောင့်ကြည့်ကြသည်။ ဟာသအမြောက်ဆုံးက စပါးပင်စိုက်ကြသည့် ဖြစ်ရပ် ဖြစ်သည်။

ကျွန်မတို့အိမ်မှာ ချက်နေကျဖြစ်သည့် ရွှေဘိုမနောဆန်မှာ စပါးလုံး အတော်လေးများ ပါသည်။ ဘွားဘွားက စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် များတွင် ကျွန်မတို့ကို တစ်ပတ်စာ ချက်မည့် ဆန်ထဲကနေ စပါးလုံး ရွေး ခိုင်းပါသည်။ အရင်ကတော့ စပါးလုံး ရွေးရမယ်ဆိုတိုင်း တညည်းညည်း တညူညူ ရှိတတ်ပေမယ့် စပါးစိုက်ပျိုးရေး လုပ်မည်ဆိုသည့် အကြံ ရှိလာ ကတည်းက မပျင်းမိတော့ပါ။

mgyoe.com

အဘွားဆီက စပါးလုံးတွေကို ယူပြီး သဲပုံထဲမှာ စပါးစိုက်ကြပါသည်။ မရှေးမနှောင်းမှာပဲ မိုးကျလာတော့ ကျွန်မတို့ စပါးစိုက်ထားသည့် သဲပုံနှင့် ခပ်လှမ်းလှမ်းက ဝင်းထရံနားတွင် မြက်ပင်များ အစီအရီ ပေါက်လာကြပါသည်။ ဒါကိုပဲ ကျွန်မတို့က စပါးလုံးတွေ သဲပုံထဲကနေ နေရာရွှေ့ပြီး ဝင်းထရံနားမှာ အပင်သွားပေါက်တယ် ထင်ပြီး ပျော်ကြသည်။ စိတ်ကူးတွေလည်း လွတ်ယဉ်သပေါ့။ စပါးတွေ ရိတ်ပြီး အိမ်အတွက် ဆန်ရောင်းပေးဖို့အထိတောင် တွေးမိကြရဲ့။

ကျွန်မ အိပ်မက်မှာ မကြာရှည်လိုက်ရပါ။ တစ်နေ့ ကျောင်းကနေ အိမ်ပြန်ရောက်တော့ ဝင်းထရံနားမှာ ပြောင်ရှင်းနေသည့် မြေတလင်းကို မြင်ရ၏။

"သမီးတို့ စပါးပင်တွေကော"

ကျွန်မကသာ ငိုမဲ့မဲ့နှင့် မေးရတာပါ။ လူကြီးတွေကတော့ ရယ်နေကြသည်။ ဘွားဘွားကတော့ အလိုက်မသိဘဲ ခပ်မာမာ ပြောသည်။

"ညည်းတို့ မြက်ပင်တွေ ငါ နုတ်ပစ်လိုက်ပြီ"

လူကြီးတွေ ရယ်တာရော၊ ကိုယ့်စပါးပင်လေးတွေကို မြက်ပင်ဆိုပြီး အပြောခံရသဖြင့် စိတ်ဆိုးတာရောကြောင့် မျက်ရည်တွေ တလိမ့်လိမ့် ကျလာသည်။ ဘွားဘွားကိုလည်း စိတ်ဆိုးမာန်ဆိုးနှင့် ပြောမိသေးသတဲ့။

"သူတို့ ကောင်းစားအောင် သူများသားသမီးက စပါးစိုက်ပေးထားတာကို နုတ်ပစ်တယ်.. ဘွားဘွားဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး"

ဘွားဘွားကလည်း မခံ၊ ကျွန်မကို ခပ်ငေါ့ငေါ့ ပြန်တွက်ပါသည်။

"အမယ်လေး... လူကြီးစကား ပြောလို့တော်... အေးပါ ကျေးဇူးရှင်မရယ်.. ကျေးဇူးကြီးပါပေတယ်"

သို့ပေမဲ့ ကျွန်မ လက်မလျှော့။ စိုက်ပျိုးရေးဇာတ်လမ်း ပြီးတော့ မွေးမြူရေးဇာတ်လမ်းကို ဆက်ပါသည်။ ကျွန်မတို့အိမ်မှာ ကျွန်မတို့တွေ သိတတ်စအရွယ်အထိ ဖေဖေက တိရစ္ဆာန်ဆေးကုခန်း ဖွင့်ပါသေးသည်။ သည့်အပြင် အိမ်မှာ ကြက်ဥဖောက်စက် (ကြက်အကောင်ပေါက် ဖောက်ခြင်း) လည်း ရှိသေးသည်။ ကြက်ဥဖောက်စက်က သိပ်တော့ မကြာခဲ့ပါ။ ဖိုဖိုစီးစီး မလုပ်နိုင်သဖြင့် ခဏသာ လုပ်ဖြစ်လိုက်သည်။ ကြက်ဥဖောက်စက်

myoe.com

လုပ်စဉ်က ကြက်ဥကနေ ကြက်ကလေးတွေ ပေါက်လာကြသည့် အဖြစ်ဟာ ကျွန်မအတွက်တော့ အံ့သြစရာ၊ ချစ်စရာလေးတွေပါပဲ။ ဒါကို လက်တည့်လည်း စမ်းကြည့်ချင်သည်။ ဒါနှင့်ပဲ ကိုယ်တိုင် ကြက်ဥဖောက်ရန် ကြိုးစားမိသည်။

ဖြစ်ချင်တော့ အဲသည်အချိန်တုန်းက ကျွန်မတို့ မြောက်ဘက်အိမ်က ဘုရားစင် သွပ်အမိုးပေါ်မှာ ခိုတွေ အသိုက်ဖွဲ့ကြပါသည်။ ခိုဥတွေကို ခိုမကြီးက နေ့စဉ်ရက်ဆက် ဝပ်ပေးရသည့်နောက်မှာ ခိုကလေးတွေ ပေါက်လာကြသည်ကို မြင်ဖူးထားသည်။ သည်အမြင်အတွေ့နှင့်ပင် ကျွန်မလည်း ကြက်ဥမှသည် ကြက်သားပေါက်ဆီသို့ စီမံကိန်းကို စလေသည်။

လွယ်တော့ မလွယ်ကူလှပါ။ ဘွားဘွားဆီကနေ သူ မသိအောင် ကြက်ဥတွေ တစ်လုံးချင်းစီယူပြီး မွေ့ရာပေါ်မှာ တင်၊ သည့်နောက် ကြက်ဥ၏ ဘေးနားကို စောင်တွေနှင့်ရံပြီး လူကြီးတွေ မသိအောင် ဝပ်ပေးသည်။ အသံလည်း မထွက်ရဲ။ အိပ်ခန်းနားမှာ တစ်ယောက်ယောက် လာနေသည့် ခြေသံကြားလျှင် ပုံပြင်စာအုပ်တစ်အုပ် အမြန်ကောက်ကိုင်ပြီး စာဖတ်ချင်ယောင်ဆောင်ရသေးသည်။ အသက်လည်း ပြင်းပြင်းမရှူရဲ။

သို့ပေမဲ့ မည်သို့ဝပ်ဝပ် ကြက်ဥကနေ ကြက်ပေါက် ထွက်မလာတော့ ကျွန်မ စိတ်တိုလာမိသည်။ သုံး၊ လေးရက် ဝပ်လို့မှ အကောင်မပေါက်လျှင် နောက်တစ်ဥ ပြောင်းဝပ်ပါသည်။ တစ်နေ့မှာတော့ ဝပ်ရတာမောလာတော့ မေ့ပြီး ကိုယ်ကို လှဲချလိုက်မိသည်။ ကြက်အကောင် မပေါက်ဘဲ ကြက်ဥကွဲသွားတော့ လူကြီးတွေလည်း ရိပ်မိကုန်သည်။ အနှစ်ချုပ်တော့ ဆောင်းတွင်းကြီး စောင်တွေ၊ မွေ့ရာတွေ လဲရသဖြင့် မေမေ ဆူတာ ခံရတာသာ အဖတ်တင်ပါသည်။

ကြက်ဥဇာတ်လမ်း ပြီးတော့လည်း ကျွန်မမှာ အမှတ်မရှိ။ နေ့ရှိသရွေ့ တစ်ခုခု တီထွင်ဖို့သာ စဉ်းစားမိသည်။ ကျွန်မ ဖတ်နေကျ ကာတွန်းဇာတ်ကောင်တွေဖြစ်သည့် မောင်တီထွင်တို့၊ ဘိုတို ကာတွန်းထဲက အိုးတီတို့ ဆိုသည်ကလည်း အခုခေတ်စကားနှင့် ပြောရလျှင် ကျွန်မ၏ ဟီးရိုးများ ဖြစ်သည်။ ဒါကြောင့်ပင် ရေမွှေးတီထွင်ပြန်လေသည်။

ဒါကတော့ ကျွန်မ ပထမတန်းတုန်းကရယ်ပါ။ ဘုရားစင်က ဘုရားပန်းတွေကို ကြည့်ရင်းကနေ ရေမွှေးထုတ်ဖို့ အကြံရမိသည်။ အကြံ

mgoe.com

mgyoe.com
SAMPLE BOOK


ရရချင်းမှာပဲ ဘုရားစင်က ပန်းတွေကို ယူ၊ ရေတ်ဆုံထဲ ထည့်ထောင်း၊ ရလာသည့် အရည်ကို ရေထပ်ရောပြီး မေမေ့ ပေါင်ဒါမှုန့်တွေကို အကုန်လောင်းထည့်သည်။ ပြီးလျှင် လျက်ဆားပုလင်းထဲက လျက်ဆားတွေကို သွန်ပစ်ပြီး ဖော်စပ်ထားပြီးသည့် ရေမွှေးကို ပုလင်းထဲသို့ ပြောင်းထည့်ပါသည်။ ရေမွှေးဆွတ်လို့ ရအောင်ကတော့ လျက်ဆားပုလင်းအဖုံးကို အပ်နှင့် ဖောက်ထားသည်။ အားလုံး ပြည့်စုံပြီ ထင်တော့ ကျွန်မ နမ်းကြည့်ပါသည်။ မမွှေး။ မညီသို့မျှ မမွှေး။ မမွှေးသည့်အပြင် မည်သည့်အနံ့ဟူ၍ ပြောဖို့ ခက်ခဲလောက်အောင်ပင် နံနေသေးသည်။

စိတ်ဓာတ်တော့ မကျမိပါ။ ငါးပိတို့၊ ကြက်သွန်တို့ ထောင်းသည့် ရေတ်ဆုံမှာ ထည့်ထောင်းခဲ့ရတာ၊ သည်လောက်တော့ ရှိမှာပေါ့ဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်သည်။ သည်တစ်ဘူးက နမူနာ၊ အောင်မြင်လာတော့မှ ရေတ်ဆုံအသစ် ဝယ်တော့မည်။ စိတ်ကူးကတော့ သို့ကလို ခပ်ကြီးကြီးပါပဲ။ ဆန့်ထုတ်ခဲ့သော စိတ်ကူးကို တစ် ဒီဂရီမျှပင် မလျှော့ပေါ့ခဲ့ပါ။

ခက်တာက ကိုယ့်ဘာသာ တွေးရုံနှင့် အားမရ၊ ကလေးသဘာဝ တစ်ခုခု လုပ်ပြီးလျှင် ကြွားချင်သည်။ ကျွန်မ ရေမွှေးကို ကြည့်ပြီး လူကြီးတွေကို အံ့သြသွားစေချင်သည်။ ဖြစ်ချင်တော့ ကျွန်မရေမွှေးကို မည်သူကမျှ စိတ်မဝင်စား။ အစမ်း ပေးဆွတ်တာတောင် ''ကိုယ့်ဘာသာ ကစားနေစမ်းပါအေ'' ဆိုပြီးသာ နှင်လွှတ်ခံရသည်။ နောက်ဆုံး လက်ကျန် အားကိုးစရာ ဆိုလို့ ကျွန်မမှာ မေမေသာ ရှိတော့သည်။

''မေမေ‥ မေမေ နောက်နေ့ ဈေးချိုကို သွားရင် သမီးရေမွှေးကို ဆိုင်ရှင်တွေနဲ့ စပ်ပေးပါလား''

''မမနဲ့ သွားဆော့နေစမ်းပါ သမီးရယ်… မေမေ ဒီမှာ အလုပ်ရှုပ်နေတယ်''

မေမေကပါ အရေးမစိုက်လေတော့ အတော်လေး အားငယ်သွားပါသည်။ ဈေးဆိုင်မှာ တင်ရောင်းဖို့ မပြောနှင့်။ စမ်းသုံးကြည့်ဖို့တောင် အငြင်းခံရသည်။

သည်အချိန်မှာပဲ ဖြစ်ချင်တော့ ကျွန်မအဖို့ ကံကောင်းစေသည်လား၊ ကံဆိုးစေသည်လားရယ်လို့ မဆိုနိုင်၊ စမ်းသပ်ကြည့်ဖို့ လူတစ်ဦးတော့ ရှိလာပါသည်။ တကယ်တော့ လူတစ်ဦး ဆိုတာထက် ပိုပြီး တိတိကျကျ ပြောရ

mgyoe.com

mgyoe.com
SAMPLE BOOK


လျှင် ဘုန်းကြီးတစ်ပါးဟု ဆိုရပါမည်။ ထိုကိုယ်တော်ခမျာမယ် ကံဆိုးသူ မောင်ရှင် ဖြစ်ရရှာလေသည်။

သူ့အဖြစ်က တကယ်ကို ဆွမ်းခံရင်း ငှက်သင့် ဆိုသလိုပါပဲ။ တကယ်က သူ့ကျောင်းက ကြောင်ကလေး နေမကောင်းလို့ ဖေဖေ့ဆီမှာ ကြောင်လာပြတာပါ။ ဆေးခန်းမှာက ခွေးနာ၊ ကြောင်နာ ရောဂါသည်တွေကလည်း အဲ့သည်နေ့ကျမှ ပြုံကျနေတော့ ဘုန်းကြီးခမျာ သူ့ကြောင်ကလေးကို ရင်ခွင်မှာ ပိုက်ပြီး သူ့အလှည့် မရောက်မချင်း စိတ်ရှည်လက်ရှည် စောင့်ရှာပါသည်။ ကျွန်မမှာသာ ဘုန်းကြီးကို မြင်တော့ အကွက်ဆိုက်ပြီ ဆိုပြီး ဝမ်းသာလုံးတွေဆို့၊ ရေမွှေးကို စမ်းဖို့ရာ သူ့ကို ဟိုကချောင်း၊ သည်က ချောင်းနှင့် အကြံတွေ ထုတ်လိုထုတ်၊ တစ်ယောက်တည်း အလုပ်တွေ ရှုပ်နေရသည်။ ရေမွှေးကောင်းကြောင်းကိုသာ ကိုယ်တော်သိလျှင် တရားဟောလျှင် ထည့်ဟော ပေးဖို့ တောင်းဆိုရမည်။ သည်လိုဆို လူတွေပိုသိလာမှာပဲ။ အဲသည်တော့မှ ပိုက်ဆံနှင့် ရောင်းမည်။ အိမ်ဝယ်မည်။ ကားစီးမည်။ ကျွန်မမှာ အောင်မြင်ဖို့ရာချည်း တဆုံးတွေးထားသည်။

ခက်တာက ဘုန်းကြီးကို ရေမွှေးလေး စမ်းဆွတ်ကြည့်ပါလား ဆိုပြီးလည်း မလျှောက်ရဲပါ။ အစသည် အခက်ဆုံး ဖြစ်သည်။ နောက်တော့လည်း ရေမြေအနေအထားကို အနုလုံပဋိလုံ ကြည့်ရင်း အကြံရလာပါသည်။ ဘုန်းဘုန်း ထိုင်နေသည့် နေရာက လှေကားအောက်မှာပါ။ ဧည့်သည်က များတော့ ထိုင်ခုံရှိသည့် နေရာမှာပဲ သူ ထိုင်လိုက်ရပုံပေါ်သည်။ သည်လို နေရာယူမှားခြင်းကိုက ထိုကိုယ်တော်အတွက် ထိုနေ့အဖို့ ပြဿဒါး ဖြစ်သွားရှာသည်။

ကျွန်မအတွက်တော့ လှေကားအောက်က ခုံပေါ်မှာ ကိုယ်တော် နေရာယူလိုက်မိတာကိုက အခွင့်ကောင်းပေါ့။ ဘုန်းကြီးကို သူ့အလိုလို ရေမွှေးနံ့ကို အနံ့ခံမိရင်းကနေ ရေမွှေးရှိရာ နေရာကို လိုက်ရှာသူ ဖြစ်စေချင်ခဲ့သည်။ သည်အကြံနှင့်ပဲ လှေကားအပေါ်ဆုံးကို တက်ပြီး၊ လှေကားလက်ရန်း အပေါက်ကနေ လက်လျှိုပြီး ဘုန်းကြီးကိုယ်ပေါ်ကို ရေမွှေးတွေ တစ်စက်ချင်း အစက်ချပါသည်။ သို့ပေသိ ရေစက်တွေဟာ ကိုယ်တော့် သင်္ကန်း

mgyoe.com

mgyoe.com


ပေါ်ကို သိသာအောင်ပင် မစိုစေပါ။ ကြာတော့ ကျွန်မလည်း စိတ်မရှည်တော့သည်နှင့် ပုလင်းကို ဖွင့်ပြီး ရေမွှေးတွေကို လောင်းချလိုက်သည်။

ပထမတော့ ကိုယ်တော့်ခမျာ ခပ်ကြောင်ကြောင် ဖြစ်နေသည်။ ရုတ်တရက် သူ့ခေါင်းပေါ်ကို ကျလာသည့် ရေတွေကို သပ်ရင်း ဇဝေဇဝါနှင့် ဟိုကြည့် သည်ကြည့် လုပ်သည်။ သည့်နောက်မှာတော့ မသင်္ကာဖြစ်ပြီး မျက်နှာကြက်ကို ဆတ်ခနဲ မော့အကြည့်တွင် ကျွန်မကို သက်သေခံပစ္စည်းနှင့် မိလေသည်။ ကျွန်မမှာလည်း ရေမွှေးပုလင်းကို ကိုင်ထားနေရင်းက ကိုယ်တော်၏ မျက်လုံးပြူးပြီး အံကြိတ်ပြသည့် မျက်နှာကိုလည်း မြင်ရရော၊ ကြောက်ကြောက်လန့်လန့်နှင့် ပုလင်းကို လွှတ်ချမိရာ ကိုယ်တော်၏ ဥသျှစ်သီးပမာ ဦးခေါင်းတော် အပေါ်ကို တည့်တည့်ကျပါတော့သည်။

ပြဿနာတက်ပြီ ဆိုတာ သိသည်နှင့် ကျွန်မသည် နောက်သို့ လှည့်မကြည့်ဘဲ အိပ်ခန်းထဲသို့ တန်းနေအောင်ပြေးပြီး စောင်ခေါင်းမြီးခြုံကာ အိပ်ချင်ယောင်ဆောင်ပါတော့သည်။ မကြာပါ။

"အငယ်မ ဘယ်ရောက်သွားတုံး၊ လာစမ်း"

မိခင်ကြီး၏ ပြင်းလှသော ရာဇသံက နောက်ကနေ လိုက်လာပါသည်။ ကျွန်မကလည်း အင်မတန် မူရာမာယာများသည်။ ရိုက်ပင် မရိုက်ရသေး၊ ဇာတ်နာအောင် ကိုယ်က အရင်ပြောနှင့်သည်။

"သမီးက ရေမွှေး စမ်းသပ်တာကို မေမေတို့က ဂရုမှ မစိုက်တာပဲ၊ ဘုန်းဘုန်းအပေါ်ကို လောင်းချရတာပေါ့"

ဖေဖေတို့၊ မေမေတို့လည်း စိတ်မကောင်းဖြစ်ပြီး အဲသည်တော့မှ ကျွန်မ၏ ရေမွှေးအကြောင်း ဂရုတစိုက် မေးဖော်ရတော့သည်။

"သမီးက ရေမွှေးကို ဘယ်လို စမ်းသပ်ထားတာလဲ၊ ပြောပြစမ်းပါဦး"

မေးဖော်ရလာတော့ ကျွန်မမှာ တက်ကြွတဲ့ ကြက်ဖဖြစ်ပြီး ဘုရားစင်က ဘုရားပန်းတွေ အကုန်ယူကာ ငရုတ်ဆုံထဲ ထည့်ထောင်း၊ ပြီးတော့ မေမေ့ပေါင်ဒါဘူးထဲက ပေါင်ဒါမှုန့်အကုန်ကို ရေနှင့်ရောဖျော်ပြီး ဖော်စပ်ထားသည့်အကြောင်း အားတက်သရော ပြောပြမိပါသည်။ သည်တော့မှ ဘုန်းကြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ခေါင်းပေါ်သို့ ရေမွေးလောင်းချသည့် အမှုနှင့် အရိုက်မခံရဘဲ ဘုရားပန်းနှင့် ပေါင်ဒါမှုန့်တွေ ကုန်အောင် ယူကစားမိသည့် ပြစ်မှုနှင့် အရိုက်ခံရပါတော့သည်။

သည်လိုနှင့်ပဲ ကျွန်မ၏ ကမ္ဘာကျော် ရေမွေးထုတ်မည့် လုပ်ငန်းကြီးလည်း အဆုံးသတ်သွားလေတော့သည်။ ဒါတောင် အားမလျှော့သေးပါ။ ငယ်ငယ်က ကျောက်ပျဉ်ပေါ်မှာ သနပ်ခါးသွေးရင်း စိတ်ကူးသေးသည်။ ကျွန်မ သနပ်ခါး အလွန်ကြိုက်သော်လည်း သနပ်ခါးသွေးရမည်ကို အလွန်ပျင်းပြီး အလွန်မုန်းပါသည်။ ငါလိုပဲ သနပ်ခါးသွေးရမှာ ပျင်းတဲ့သူတွေအတွက် အဆင်ပြေအောင် သွေးပြီးသားကို ဘူးနဲ့ထည့်ရောင်းမှ ဆိုပြီး စဉ်းစားခဲ့သည်။ နောက်ကျတော့ လက်သွေးသနပ်ခါးတို့၊ သနပ်ခါးအရည်တို့ ဆိုတာတွေ ပေါ်လာတော့ ကိုယ့်အကြံ သူများ ဦးသွားပြီ ဆိုပြီး ဆွေးရသေးသည်။

ကျွန်မ၏ အစ်မကလည်း ခေသူ မဟုတ်ပါ။ သူ့တီထွင်မှုအကြောင်း ကြုံလျှင် ကြွားတတ်သေးသည်။

"နင် တီထွင်တာထက် ငါတီထွင်တာက ပိုကောင်းတယ်၊ နင်တောင် အငိုက်မိသွားတာပဲ"

သူ သည်လို ပြောတိုင်း ကျွန်မမှာ အစကနေ စိတ်ပြန်ဆိုးဖြစ်သည်။ ပြန်တွေးမိတိုင်း တနုံ့နုံ့ဖြစ်ဆဲ။

သူကတော့ တစ်သက်မှာ တစ်ခါသာ တီထွင်ဖူးပါသည်။ အဲဒါကတော့ ဆောင်းတွင်းမှာ ရေမချိုးဘဲ ကြေးတွေကို လုံးထားပြီး ကျွန်မကို အားဆေးဆိုပြီး ညာကျွေးခဲ့တာပါ။ ကျွန်မမှာတော့ အဟုတ်မှတ်ပြီး အားတွေရှိလာမယ် ထင်ပြီး သောက်လိုက်ရတာ။ အငိုက်မိခဲ့ဖူးသည့် အဖြစ်ပေါ့။

⁜

တကယ်တော့ ညီအစ်မနှစ်ယောက် အတူတူ ကစားကြတိုင်း မမကြောင့် ကျွန်မ နစ်နာတာထက် ကျွန်မကြောင့် မမ နစ်နာရတာက ပိုများပါသည်။ ကျွန်မအဖို့မှာတော့ ပရိသတ်ဆိုလို့ သူတစ်ယောက်ပဲ ရှိပါသည်။ ကျွန်မ ဘာလုပ်လုပ် အမာခံ အားပေးသည်။ ကျွန်မ ဆပ်ကပ်ပြလျှင်၊ မျက်လှည့်ပြလျှင် မမဟာ ထာဝရပရိသတ်ပေါ့။

mgyoe.com